# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

| | | |
|---|---|---|
| ၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ | Wednesday, 5 November 2025 | ၁၁၉၉၂ |


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသောကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ် “Chaldony” State Song and Dance Ensemble အဖွဲ့မှ ဂုဏ်ပြုဖျော်ဖြေသည့် ပဒေသာကပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၄

ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသမှ နိုဗိုစီဗစ် “Chaldony” State Song and Dance Ensemble အဖွဲ့မှ “မဟာရုရှားနှင့် ဆိုက်ဘေးရီးယား” အမည်ရသည့် ပဒေသာကပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)(MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ကြည့်ရှုအားပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰






**ကြည့်ရှုအားပေး**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ် “Chaldony” State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

ကြေးမုံ

# ပြည်သူလူထုလူမှုစီးပွားအဆင်ပြေရေး နိုင်ငံတော်နှင့်အတူ ပူးပေါင်းဆောင်ရွက်

ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေး၊ ကုန်စည်ဈေးနှုန်းတည်ငြိမ်စေရေးသည် နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ အဆင်ပြေချောမွေ့စေရေးအတွက် အရေးကြီးသောအချက်ဖြစ်သည်။ လူမှုစီးပွားဘဝများတွင် ရောင်းသူ၊ ဝယ်သူရှိနေရုံဖြင့်မပြီးပေ။ ရောင်းသူနှင့် ဝယ်သူကြား ကွင်းဆက်များအားလုံး လိုက်လျောညီထွေချောမွေ့မှသာ ကုန်စည်စီးဆင်းမှုနှင့်ဈေးနှုန်းများ တည်ငြိမ်ပြီး ပြည်သူများ အဆင်ပြေချောမွေ့မည်ဖြစ်သည်။

ပြည်သူများ၏ လူမှုစီးပွားဘဝများတွင် အခြေခံကျပြီး အရေးပါဆုံး ဆန်နှင့် စက်သုံးဆီ အဓိကကုန်ပစ္စည်းနှစ်မျိုးနှင့်ပတ်သက်သည့် ထုတ်လုပ်မှု၊ ဝယ်ယူမှု၊ တင်သွင်းမှု၊ ဖြန့်ဖြူးမှု၊ ရောင်းချမှု၊ စားသုံးမှု စသည့်လုပ်ငန်းစဉ်တစ်လျှောက်ရှိ ဆောင်ရွက်လျက်ရှိသည့် ကွင်းဆက်များအားလုံး လိုက်လျောညီထွေ ဟန်ချက်ညီညီ မှန်မှန်ကန်ကန်ဆောင်ရွက်နိုင်မှသာ ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့ပြီး တည်ငြိမ်သောကုန်စည်ဈေးနှုန်းကို ရေရှည်တည်ဆောက်နိုင်မည်ဖြစ်သည်။

လက်ရှိတွင် ဆန်ဈေးနှုန်းအနေဖြင့် တည်ငြိမ်ဆဲဖြစ်သော်လည်း လာမည့်ကာလများအတွက် ဈေးနှုန်းအပြောင်းအလဲဖြစ်ပြီး စိုက်ပျိုးသူတောင်သူများ နစ်နာမှုမရှိစေရန်ရေးရှုလျက် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးအဖွဲ့က အခြေခံရည်ညွှန်းစပါးဈေးနှုန်းကို အောက်တိုဘာလ ၃၁ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။ ထုတ်လုပ်သူနှင့် စားသုံးသူ ကွင်းဆက်များအကြား ဈေးနှုန်းအပြောင်းအလဲများဖြစ်ပေါ်မှုကြောင့် အခြေခံရည်ညွှန်းစပါးတင်း ၁၀၀ ၏ ဈေးနှုန်းကို ၂၀၂၂ ခုနှစ်က ၅၄၀၀၀၀ ကျပ်၊ ၂၀၂၃ ခုနှစ်က ၇၅၀၀၀၀ ကျပ်၊ ၂၀၂၄ ခုနှစ်က ၉၅၀၀၀၀ ကျပ်သတ်မှတ်ပေးခဲ့ပြီး ယခု ၂၀၂၅-၂၀၂၆ ခုနှစ်အတွက် ၁၁၅၀၀၀၀ ကျပ် သတ်မှတ်ပေးခဲ့သည်။

စပါးသီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူလယ်သမားများအတွက် သင့်တင့်မျှတသောဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်စေရေးအတွက် အစိုဓာတ် ၁၄ ရာခိုင်နှုန်းရှိ၍ အဖျင်း၊ အမှော်၊ ဖုန်၊ သဲ၊ ခဲကင်းစင်ပြီး အရည်အသွေးဆိုင်ရာ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် တစ်တင်း ၄၆ ပေါင်ကိုက် စပါးတင်း ၁၀၀ ၏ ဈေးနှုန်းကိုထိုသို့နှစ်အလိုက်သတ်မှတ်ပေးခဲ့ရာစိုက်ပျိုးသူတောင်သူလယ်သမားများအတွက် တွက်ခြေကိုက်ပြီး စားသုံးသူပြည်သူများအတွက်လည်း အဆင်ပြေစေမည့် မျှတသောဈေးနှုန်းများကို ကွင်းဆက်တစ်လျှောက်လုံး ပါဝင်ပတ်သက်သူများအားလုံးက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအပေါ်တွင်ဖြစ်ပါက ဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူရန်နှင့် ဈေးကွက်ပေါက်ဈေးသည် အခြေခံရည်ညွှန်းစပါးဈေးနှုန်းအောက်တွင်ဖြစ်ပါက အခြေခံဈေးနှုန်းအတိုင်း ဝယ်ယူရမည်ဖြစ်သည်။ ယခုသတ်မှတ်လိုက်သော အခြေခံရည်ညွှန်းစပါးဈေးနှုန်းသည် ၂၀၂၅ ခုနှစ် မိုးစပါးနှင့် ၂၀၂၆ ခုနှစ် နွေစပါးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ထုတ်ပြန်အသိပေးထားသည်။ စပါးစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုစရိတ်အမျိုးမျိုးနှင့် သွင်းအားစုစရိတ်များအပေါ်မူတည်၍ သတ်မှတ်လိုက်သော ရည်ညွှန်းစပါးဈေးနှုန်းနှင့် တွက်ခြေကိုက်ရန်လိုမည်ဖြစ်သည်။ တောင်သူလယ်သမားများအဖို့ ရာသီဥတုအခြေအနေ၊ ကုန်ထုတ်လုပ်မှုစရိတ်နှင့် သွင်းအားစုအမျိုးမျိုးတို့၏ ကွင်းဆက်တစ်လျှောက်တန်ဖိုးများအပေါ်မူတည်ပြီး တွက်ခြေကိုက်ခြင်း/မကိုက်ခြင်းရှိမည်ဖြစ်၍ ထုတ်လုပ်သူ တောင်သူများနှင့် စားသုံးသူပြည်သူများအကြား သင့်တင့်မျှတသော ဈေးနှုန်းများဖြစ်ပေါ်လာအောင် ဝိုင်းဝန်းထိန်းညှိ ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။

အလားတူပင် စက်သုံးဆီဈေးနှုန်းအနေဖြင့် စက်သုံးဆီကို ပြည်ပမှ ဝယ်ယူတင်သွင်းအသုံးပြုရာ၌ အများပြည်သူသို့ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရန် နိုင်ငံတော်က ရာခိုင်နှုန်းတစ်ခု စိုက်ထုတ်ကျခံ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် မြန်မာနိုင်ငံတွင် ရောင်းချနေသော စက်သုံးဆီဈေးနှုန်းများသည် ဒေသတွင်း အာဆီယံနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အထိုက်အလျောက် သက်သာမှုများ ရရှိနေသည်။ မြန်မာနိုင်ငံအနေဖြင့် မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နိုင်ငံတို့ထက် ဈေးနှုန်းအနည်းငယ်မြင့်သော်လည်း ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ စင်ကာပူနိုင်ငံတို့ထက် စက်သုံးဆီဈေးနှုန်း များစွာသက်သာနေရာ ပြည်သူများ အဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတော်၏ဆောင်ရွက်ပေးနေမှုများနှင့် အတူ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်နှင့် ပြည်သူလူထု လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့ပြီး ကုန်စည်စီးဆင်းမှုမှန်ကန်စေရေး၊ ကုန်စည်ဈေးနှုန်းများ အပြောင်းအလဲနည်းစွာဖြင့် တည်ငြိမ်မှန်ကန်စေရေး ပြည်သူလူထုအတွက် အခြေခံအကျဆုံးဖြစ်သည့် ဆန်၊ စက်သုံးဆီကဲ့သို့ ကုန်ပစ္စည်းများ ရောင်းဝယ်ဖောက်ကားဖြန့်ဖြူးရောင်းချရာတွင် ကွင်းဆက်တစ်လျှောက် ပါဝင်ပတ်သက်သူများအားလုံးအနေဖြင့် မိမိအကျိုးစီးပွား၊ အများပြည်သူအကျိုးစီးပွား မျှတစွာဖြစ်ထွန်းရေးကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
## ပြန်လည်ထူထောင်ရေးဦးစီးဌာန
### လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

| ရန်ကုန်လိပ်စာ | | မန္တလေးလိပ်စာ |
|---|---|---|
| အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။ | ရွှေကျောင်းသံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ |

## ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် နိုဝင်ဘာ ၄**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ဘယ်သူတွေ ဘယ်လိုပဲ ဖျက်လိုဖျက်ဆီးလုပ်ပါစေ မလွဲမသွေအောင်မြင်အောင် လုပ်ဆောင်သွားမယ့် ပြည်သူတို့ရဲ့ ရွေးကောက်ပွဲ"** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် နိုဝင်ဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီတွင် **"အကြမ်းဖက် PDF အဖွဲ့ မိုင်းခွဲဖျက်ဆီးလိုက်တဲ့ ရောဝတီတံတား(ရတနာသိင်္ဂီ)"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉ ၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကား ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။ ■

## ၄ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၉၇၀၀၀၀** ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **ခေတ္တ စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်



**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

☆ ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော နှင့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင် အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီး များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီး များနှင့် ဇနီးများ၊ ရုရှားဖက်ဒရေး ရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ် ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်း များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖွင့်လှစ်**

ဦးစွာ "မဟာရုရှားနှင့် ဆိုက်ဘေး ရီးယား" အမည်ရသည့် ဂုဏ်ပြု ဖျော်ဖြေပွဲ အခမ်းအနားကို နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများ ဖွင့်လှစ်ကာ အလေးပြု၍ ဖွင့်လှစ် သည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ် "Chaldony" State Song and Dance Ensemble အဖွဲ့မှ တင်ဆက်သည့် ဖျော်ဖြေပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

ထို့နောက် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားရာတွင် ရုရှား ဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ မှ ထင်ရှားသည့် "Chaldony" State Song and Dance Ensemble အဖွဲ့က တင်ဆက်မည့်ဖျော်ဖြေပွဲ တွင် အားလုံးကို ရင်းနှီးနွေးထွေး စွာ ကြိုဆိုနှုတ်ဆက်ပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီး မှုနှင့် ယဉ်ကျေးမှုပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် ယနေ့နေ့လယ်ခင်းသည် အဓိပ္ပာယ် ပြည့်ဝပြီး ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံသည့်အချိန် အခါလည်းဖြစ်ပါကြောင်း၊ မိမိတို့ နှစ်နိုင်ငံသည် ယဉ်ကျေးမှု၊ ပညာ ရေးနှင့် အနုပညာအပါအဝင် ကဏ္ဍပေါင်းစုံ၌ အပြန်အလှန် လေးစားမှု၊ နားလည်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှုတို့အပေါ် အခြေခံပြီး ခိုင်မြဲသည့် သံတမန်ဆက်ဆံမှုကို တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း (၇၇)နှစ် ပြည့်မြောက် ကျော်လွန် လာခဲ့ပြီဖြစ်ကြောင်း။

ကာကွယ်ရေး၊ ပညာရေး၊ သိပ္ပံ၊ နည်းပညာ၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှုအပါအဝင် နယ်ပယ် များစွာ၌ အပြန်အလှန်လေးစားမှု၊

**စာမျက်နှာ ၄ သို့** ☆

**❖ မိမိတို့ နှစ်နိုင်ငံသည် ယဉ်ကျေးမှု၊ ပညာရေးနှင့် အနုပညာအပါအဝင် ကဏ္ဍပေါင်းစုံ၌ အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှုတို့အပေါ်အခြေခံပြီး ခိုင်မြဲသည့် သံတမန်ဆက်ဆံမှုကို တည်ထောင်ခဲ့သည်မှာ နှစ်ပေါင်း(၇၇)နှစ် ပြည့်မြောက် ကျော်လွန် လာခဲ့ပြီဖြစ်**

**❖ ကာကွယ်ရေး၊ ပညာရေး၊ သိပ္ပံ၊ နည်းပညာ၊ ကျန်းမာရေးနှင့် ယဉ်ကျေးမှု အပါအဝင် နယ်ပယ်များစွာ၌ အပြန်အလှန်လေးစားမှု၊ နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ်အခြေခံပြီး မိမိတို့နှစ်နိုင်ငံသည် ဆယ်စု နှစ်များစွာကြာရှည်ခိုင်မာသည့် ဆက်ဆံရေးကို တည်ဆောက်ထားပြီး ဖြစ်ကြောင်း၊ ဆက်လက်၍လည်း နိုဗိုစီဗစ်နှင့် မြန်မာအကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်**



ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

☆ စာမျက်နှာ ၃ မှ

နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့အပေါ်အခြေခံပြီး မိမိတို့နှစ်နိုင်ငံသည် ဆယ်စုနှစ်များစွာ ကြာရှည်ခိုင်မာသည့် ဆက်ဆံရေးကို တည်ဆောက်ထားပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း နိုဗိုစီဗစ်နှင့် မြန်မာအကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

၂၀၂၅ ခုနှစ် မတ်လအတွင်း မိမိအနေဖြင့် ရုရှားနိုင်ငံကို သွားရောက်ခဲ့သည့် ခရီးစဉ်၌ အဆွေတော်နှင့် တွေ့ဆုံခဲ့စဉ် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်နိုင်ရေး ဖိတ်ကြားခဲ့ကြောင်း၊ မြန်မာနိုင်ငံ၏ သာယာလှပမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ကိုယ်တိုင်ကိုယ်ကျ ခံစားရှုမြင်ပြီးဖြစ်သည်ဟု ယုံကြည်ကြောင်း။



## ဂုဏ်ပြုပြန်းခြင်း ပေးအပ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော် လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ နိုဗိုစီဗစ် "Chaldony" State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။

နိုဗိုစီဗစ်ဒေသ ကိုယ်စားလှယ်အဖွဲ့တွင် ပါဝင်လာသည့် "Chaldony" State Song and Dance Ensemble ၏ ယနေ့ဖျော်ဖြေပွဲမှတစ်ဆင့် နိုဗိုစီဗစ်ဒေသ၏ အနုပညာရသနှင့် ဆိုက်ဘေးရီးယန်း အနုပညာများကို မိမိတို့မြန်မာများ ကြည့်ရှုခံစားနိုင်ရုံသာမက နှစ်နိုင်ငံပြည်သူများ အချင်းချင်းအကြား ခိုင်မြဲသည့် ချစ်ကြည်ရင်းနှီးမှု ကိုလည်း ထပ်လောင်းအတည်ပြုနိုင်မည်ဖြစ်ကြောင်း။

အနုပညာဆိုသည်မှာ လူသားတို့၏ယဉ်ကျေးမှုနှင့် စိတ်ဝိညာဉ်ကို ဖော်ပြလျက်ရှိကြောင်း၊ အနုပညာသည် အတားအဆီးအားလုံးကို ကျော်ဖြတ်ပြီး အလှတရား၊ သဟဇာတဖြစ်မှုနှင့် ငြိမ်းချမ်းမှုတို့ကို မျှဝေခံစားစေခြင်းဖြင့် လူသားအားလုံးကို ချစ်ကြည်ရင်းနှီးမှုဖြင့် ပေါင်းစည်းပေးပါကြောင်း၊ ထို့ကြောင့် ယနေ့ဖျော်ဖြေပွဲသည် ယဉ်ကျေးမှုဖလှယ်ရေး၊ ဖျော်ဖြေရေးသက်သက်သာမဟုတ်ဘဲ မိမိတို့နှစ်နိုင်ငံအကြား နွေးထွေးရင်းနှီးသည့် ဆက်ဆံရေးကို များစွာအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း။

ထို့ကြောင့် အားလုံးအတွက် တေးဂီတ၊ ခင်မင်မှု၊ ပျော်ရွှင်မှုများဖြင့် ပြည့်နှက်နေသည့် မင်္ဂလာအချိန်အခါဖြစ်ပါစေဟု ဆုတောင်းလိုက်ပါကြောင်း၊ ယနေ့ဖျော်ဖြေပွဲမှသည် ရှေ့ဆက်၍ မိမိတို့ဒေသများအကြား ဆက်လက်ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှုအတွက် စိတ်အားထက်သန်မှုများကို ထပ်လောင်းအားဖြည့်နိုင်ပါစေကြောင်းနှင့် မြန်မာနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသတို့အကြား ကောင်းမွန်ခိုင်မာပြီး နောင်မျိုးဆက်သစ်များစွာတိုင် ဆက်လက်ရှင်သန် ထွန်းကားပါစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးက နှုတ်ခွန်းဆက်စကားပြန်လည်ပြောကြားရာတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဖိတ်ကြားမှုအရ ယခုကဲ့သို့ ထူးခြားလှပသည့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခွင့်ရရှိသည့်အတွက် စိတ်ရင်းမှန်ဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့ ဆိုက်ဘေးရီးယားလူမျိုးများကို ဧည့်ဝတ်ကျေပွန်စွာ ကြိုဆိုဧည့်ခံမှု၊ မိမိတို့၏ ယဉ်ကျေးမှုနှင့် အနုပညာအပေါ် စိတ်ဝင်စားမှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဘာသာရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များသည် ကြွယ်ဝမှုနှင့် နက်ရှိုင်းမှုတို့၌ ထင်ရှားပေါ်လွင်အံ့သြဖွယ်ရာဖြစ်ပြီး ယခုကဲ့သို့ကြွယ်ဝမှုများသည် မြန်မာနိုင်ငံသားတို့၏ ရိုးသားပွင့်လင်းမှုများကို တွေ့မြင်စေရပါကြောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ နယ်မြေပေါ်တွင် လူမျိုးပေါင်းတစ်ရာကျော်မျှ နေထိုင်ကြသော်လည်း၊ မိမိတို့အားလုံးသည် တူညီသောသမိုင်းကြောင်းနှင့် တူညီသောကံကြမ္မာတို့ဖြင့် စည်းလုံးညီညွတ်လျက်ရှိပါကြောင်း။

**ကြည့်ရှုအားပေး**

"Chaldony" ဟူသောအမည်သည် မိမိတို့နိုင်ငံ၏သမိုင်းနှင့် နက်ရှိုင်းစွာ ဆက်စပ်နေပြီး ရှေးဟောင်း ဆိုက်ဘေးရီးယားလူမျိုးများ၊ ရုရှားလူမျိုးများ၊ ဆိုက်ဘေးရီးယား၏ ပထမဆုံး အောင်နိုင်သူများကို ကိုယ်စားပြုပါကြောင်း၊ အဆိုပါအဖွဲ့ဟာ ရိုးရာဓလေ့များကို ဂရုတစိုက်ထိန်းသိမ်းပြီး ဆိုက်ဘေးရီးယား၏ သီချင်းနှင့် ဂီတအမွေအနှစ်ကို ကိုယ်စားပြုပါကြောင်း၊ ယနေ့တွင် မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၌ ဂုဏ်ယူစွာ ဖျော်ဖြေတင်ဆက်ပေးမည်ဖြစ်ပြီး ဆိုက်ဘေးရီးယား ယဉ်ကျေးမှု၊ အနုပညာနှင့် အပျော်ရွှင်ဆုံး ရင်းနှီးမှုရရှိပါစေရန် ဆုတောင်းအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊တက်ရောက်လာကြသူများသည် နိုဗိုစီဗစ် Chaldony State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များ၊သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးကြသည်။

ထိုသို့ ဖျော်ဖြေတင်ဆက်ကြရာတွင် နိုဗိုစီဗစ် Chaldony State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များက အဆိုအကနှင့် ဂီတအနုပညာများကို သဟဇာတဖြစ်စွာဖြင့် ကြွယ်ဝများပြားလှသည့် ဂန္ထဝင်ပုံစံများ၊ ရိုးရာဓလေ့ပုံစံများကို အခြေခံ၍ ရုရှားရိုးရာ တေးသီချင်းများ၊ ဆိုက်ဘေးရီးယားဒေသဂီတနှင့် တေးသီချင်းများကို ရင်သပ်ရှုမောဖွယ်လှုပ်ရှားမှုများဖြင့် တင်ဆက်ခဲ့ကြသည်။ ထို့ပြင် **"ပေါင်မုန့်သည် အရာရာ"** ဟု အမည်ရသည့်တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်မှုအပြီး၌ နိုဗိုစီဗစ် Chaldony State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များက နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးတို့ထံသို့ ဧည့်ဝတ်ကျေပွန်မှုနှင့် ခင်မင်ရင်းနှီးမှုတို့ကို ကျေးဇူးတင်ရှိပြီး နွေးထွေးမှုနှင့် ပျော်ရွှင်မှုတို့ကို မျှဝေလိုသည့်အနေဖြင့် ရုရှားရိုးရာဓလေ့ ထုံးတမ်းစဉ်လာဖြစ်သည့် ပေါင်မုန့်နှင့် ဆားတို့ကိုယူဆောင်၍ တည်ခင်းဧည့်ခံဂါရဝပြုကြသည်။

ဖျော်ဖြေပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီးတို့က နိုဗိုစီဗစ် Chaldony State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များအား လည်းကောင်း၊ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးက သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များအား လည်းကောင်း ဂုဏ်ပြုပြန်းခြင်းများကို ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးတို့သည် ယဉ်ကျေးမှု အထိမ်းအမှတ် လက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် နိုဗိုစီဗစ် Chaldony State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွက် အထူးဖန်တီးထားသည့် "လက်တီး" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ဖျော်ဖြေပွဲအခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ် "Chaldony" State Song and Dance Ensemble အဖွဲ့မှ အနုပညာရှင်များ ဖျော်ဖြေတင်ဆက်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ဦးလွင်၊ ဦးချစ်ဆွေ၊ ဒေါက်တာ ချောချောစိန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Iskander Azizov နှင့် နိုဗိုစီဗစ်ဒေသ အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်ကြသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov တို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြစဉ်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသတို့အကြား ပူးပေါင်း ဆောင်ရွက်မှုများကို တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးနှင့် အစိုးရအဖွဲ့ဝင်များအနေဖြင့် မြန်မာနိုင်ငံသို့ရောက်ရှိ နေစဉ်အတွင်း မြန်မာနိုင်ငံ၏ သာယာလှပမှု၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာ မြင့်မားပြီး ခမ်းနားထည်ဝါမှုတို့ကို လေ့လာ တွေ့ရှိခဲ့ရသည့်အပြင် မြန်မာနိုင်ငံအစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများကိုလည်း ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ နိုဗိုစီဗစ်ဒေသသို့ ပြန်လည်ရောက်ရှိပါက မြန်မာနိုင်ငံ၏ သာယာလှပမှု၊ ခမ်းနားထည်ဝါမှုများကို နိုဗိုစီဗစ်ဒေသမှတစ်ဆင့် ရုရှားနိုင်ငံသူ နိုင်ငံသားများ သိရှိနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ နှစ်ဖက် ဆွေးနွေးမှုရလဒ်များကိုလည်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့်အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာဗလာဒီမာပူတင် အနေဖြင့်လည်း မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအကြား၊ နိုဗိုစီဗစ်ဒေသတို့အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး လမ်းညွှန်မှာကြားထားရှိပြီး နိုဗိုစီဗစ်ဒေသအစိုးရအဖွဲ့အနေဖြင့်လည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ။

မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသတို့အကြား စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဖလှယ်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး စသည်တို့အပြင် ကဏ္ဍပေါင်းစုံ၌ ပူးပေါင်း ဆောင်ရွက်မှုများကို ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအကြား၊ နိုဗိုစီဗစ်ဒေသတို့အကြား ထုတ်ကုန်ပစ္စည်းများ အပြန်အလှန်တင်ပို့၍ ကုန်သွယ်မှု မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသ အပါအဝင် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ယဉ်ကျေးမှုအဖွဲ့များ အပြန်အလှန်စေလွှတ်သွားမည့်အခြေအနေများ၊ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ယခုခရီးစဉ်သည် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံအကြား၊ နိုဗိုစီဗစ်ဒေသတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေခဲ့ပြီး အောင်မြင်သည့်ခရီးစဉ် တစ်ခုဖြစ်ခဲ့သည့် အခြေအနေများနှင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည် ဖြစ်သည့် အခြေအနေများ၊ မကြာမီကာလအတွင်း မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်စေရေး ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ရွေးကောက်ပွဲကျင်းပပြီးချိန်တွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် ဆက်လက် လျှောက်လှမ်းသွားမည်ဖြစ်သည့် အခြေအနေများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် နိုဗိုစီဗစ်ဒေသတို့ အနေဖြင့်လည်း မြန်မာနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို အားပေးထောက်ခံလျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူးတို့သည် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၄

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ၂၀၂၅ ခုနှစ် တန်ဆောင်တိုင်ပွဲတော် မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်း မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် မင်္ဂလာအချိန်တွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းသည်။



အဆိုပါ မဟာမင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို "နမော တဿ" သုံးကြိမ်ရွတ်ဆို ဘုရားရှိခိုး၍ ဖွင့်လှစ်ကြပြီး "ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ" အစချီသည့် အရိယာသာဝိတ္ထိ ဂါထာတော်ကို သံပြိုင်ညီညာ သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံ၍ ရေပန်းရင်ပြင်တော်မှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်သို့ ပင့်ဆောင်ကြပြီး ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ကာ ဆက်ကပ်ပူဇော်မည့် နေရာသို့ ပင့်ဆောင်ကြသည်။ ထိုသို့ ပင့်ဆောင်နေချိန်၌ ဝတ်အသင်းအဖွဲ့များက ဘုရားဂုဏ်တော်ကိုးပါး ပါဠိကို ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို လေးခေါက်ခေါက်ခြင်း၊ ထပ်၍ စုစည်းခြင်းများကို ဆောင်ရွက်ကြပြီး ရွှေကြာကလပ်တော်ပေါ်သို့ ပင့်ဆောင်ကြသည်။

## ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီးပန်းမန်၊ သောက်တော်ရေချမ်းနှင့် ဆီမီးများကပ်လှူပူဇော်ပြီး နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ရက်ကန်းအဖွဲ့ ၁၅ ဖွဲ့မှ ရက်လုပ်စပ်ချုပ်သီလွှမ်းထားသည့် မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဆက်ကပ်လှူဒါန်းသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။



ထို့နောက် မသိုးရွှေကြာသင်္ကန်းတော်များအား ဥပါသကာများက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ လက်တော်ပေါ်သို့ ဆက်လက် ဆက်ကပ်ပူဇော်သည်။

ထိုသို့ ဆက်ကပ်ပူဇော်နေချိန်တွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး ဦးဆောင်သော ဘုရားဒါယကာ၊ ဒါယိကာမများက ဘုရားဂုဏ်တော်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိ၊ ပရိတ်၊ မေတ္တာပို့လင်္ကာများကို ရွတ်ဆိုပွားများ ပူဇော်ကြသည်။

ယင်းနောက် သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များနှင့် သုံးဆယ့် တစ်ဘုံသားတို့အား မေတ္တာပို့၍ ကုသိုလ်အမျှပေးဝေကြကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။



သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက မသိုးရွှေကြာသင်္ကန်းတော် ၁၅ ထည်ကို ဒေဝါဝင်း၊ ရာဇာဝင်းများ ခြံရံ၍ ရေပန်းရင်ပြင်တော်မှ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်သို့ ပင့်ဆောင်ကြစဉ်။

ဗုဒ္ဓဘာသာမြန်မာလူမျိုးများ၏ ထုံးတမ်းစဉ်လာတွင် မသိုးသင်္ကန်းရက်လုပ် ဆက်ကပ်လှူဒါန်းခြင်းများကို တန်ဆောင်မုန်းလ အခါသမယတွင် ကျင်းပပြုလုပ်လေ့ရှိပြီး လပြည့်နေ့မတိုင်မီ အဖိတ်နေ့ညနေပိုင်းတွင် သင်္ကန်းတော်များကို စတင်ရက်လုပ်၍ လပြည့်နေ့ အရုဏ်မတက်မီအချိန် အပြီးချုပ်လုပ်ကာ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ကပ်လှူပူဇော်ကြခြင်းဖြစ်ကြောင်း၊ မသိုးသင်္ကန်းရက်လုပ် ဆက်ကပ် လှူဒါန်းခြင်းများကို နှစ်စဉ် နိုင်ငံအဝှမ်း အမြို့မြို့ အနယ်နယ်၌ စည်ကားသိုက်မြိုက်စွာကျင်းပလေ့ရှိကြပြီး ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်များ အနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌လည်း နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီး ဦးဆောင်သော ခုနစ်ရက်သားသမီးများက မသိုးရွှေကြာ သင်္ကန်းတော်ကို ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ်၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ညမီးကြီး မီးပုံးပျံပြိုင်ပွဲတွင် ပထမဆုရရှိသော နေပြည်တော်စည်ပင်သာယာရေးကော်မတီ ကိုယ်စားပြုအသင်းအား ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စိန်နားပန် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ၂၀၂၅ ခုနှစ် တန်ဆောင်တိုင် မီးထွန်းပွဲတော် မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ ရေပန်းရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တက်ရောက်ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင် အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့်ဇနီး၊ ကော်မရှင် အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက် အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့်ဇနီးများ၊ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင်များ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ တက်ရောက်ကြပြီး ဘုရားဖူးလာရဟန်းရှင်လူ ပြည်သူများကလည်း စည်ကားများပြားစွာ လာရောက်ကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးရင်ပြင်တော်ပေါ်သို့ ရောက်ရှိကြရာ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မီးရှူးမီးပန်းများပစ်ဖောက်ပူဇော်ကြပြီး နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီးတို့က မာရဝိဇယ ဗုဒ္ဓ ရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် ဆီမီးများအတူ တကွထွန်းညှိပူဇော်၍ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးတို့က သဒ္ဓါဓိပတိ ခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်ကြကာ ဘုရားဖူးလာ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် အခမ်းအနားကျင်းပမည့် ရေပန်း ရင်ပြင်တော်သို့ ရောက်ရှိကြပြီး

**စာမျက်နှာ ၈ သို့** ☆



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မသိုးရွှေကြာသင်္ကန်းရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ပထမဆု ရရှိသည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု အမရရွှေပြည် ရက်ကန်းစင်အသင်းအား ဆုဖလားပေးအပ် ချီးမြှင့်စဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov တို့ မီးပုံးပျံလွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

☆ **စာမျက်နှာ ၇ မှ**
ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သော ကိုယ်စားလှယ် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် စိန်နားပန်မီးပုံးပျံ လွှတ်တင်မှုနှင့် ညမီးကြီးမီးပုံးပျံများ လွှတ်တင်ပူဇော်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

မီးပုံးပျံများ လွှတ်တင်ရန် ပြင်ဆင်မှုများဆောင်ရွက်နေချိန်နှင့် လွှတ်တင်နေချိန်တွင် တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအက အလှများ၊ ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်ဇနီး၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် ကိုယ်စားလှယ်အဖွဲ့တို့သည် ကျောက်စာရုံစေတီတော်များအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတို့တွင် စည်းကမ်းလိုက်နာမှု အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက် စည်းကမ်းအကောင်းဆုံးဆု၊ စက္ခုပသာဒအကောင်းဆုံးဆုများနှင့် အဖွဲ့လိုက် သင်္ကန်းအားကြည်ညိုဥက္ကဋ္ဌက မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား မြန်မာ့ရိုးရာခလေ့ထုံးတမ်းစဉ်လာများ၊ ခေတ်မီနည်းပညာများ ပေါင်းစပ်၍ ဗိသုကာ လက်ရာမြောက်စွာ တည်ထားကိုးကွယ်ထားရှိမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရုရှား-မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ် မီးပုံးပျံကို လွှတ်တင်ကြပြီး အဆိုပါ မီးပုံးပျံတွင် NOVOSIBIRSK စာသားကို လှပစွာချိတ်ဆွဲထားရှိပြီး ဝေဟင်ထက်သို့ လှပစွာဖြင့် လွှတ်တင်ခဲ့ကြသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနားကို ကျင်းပပြုလုပ်ရာ ကော်မရှင်အဖွဲ့ဝင်များက ညမီးကြီး(ညမီးကျည်)၊ စိန်နားပန် မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် ဖွယ်ရာဖြစ်အောင် ဖန်တီးမှု အကောင်းဆုံးဆု၊ ဆန်းသစ်တီထွင်မှု အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက် ဝတ်စားဆင်ယင်မှု အကောင်းဆုံးဆု၊ မီးပုံးပျံအတက် အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက် ချိတ်ဆက်ယှဉ်ပြိုင်မှု အကောင်းဆုံးဆု၊ မီးပုံးပျံအတက်စံချိန် အကောင်းဆုံးဆုများနှင့် အဖွဲ့လိုက်ချုပ်ရိုးချုပ်သား အကောင်းဆုံးဆုရရှိသည့် အသင်းများအား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်က ညမီးကြီး (ညမီးကျည်)၊ စိန်နားပန် မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲတို့တွင် **စာမျက်နှာ ၉ သို့** ☆





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov တို့ မီးပုံးပျံငယ်များ လွှတ်တင်ကြစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စိန်နားပန် မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ဥပဒေရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်ဦးညိုစော ညမီးကြီးမီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ကာကွယ်ရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းအား ဆုဖလားပေးအပ်ချီးမြှင့်စဉ်။



မီးပုံးပျံများ လွှတ်တင်ရန်ပြင်ဆင်မှုများ ဆောင်ရွက်နေချိန်နှင့် လွှတ်တင်နေချိန်တွင် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာအကအလှများ၊ ယိမ်းအကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်စဉ်။

☆ စာမျက်နှာ ၈ မှ

မီးပုံးပျံပုံသဏ္ဌာန် အလှပဆုံးဆုများနှင့် မသိုးရွှေကြာသက်န်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် အဖွဲ့လိုက်ရက်လုပ်ထားသော သင်္ကန်းအထည်သား တည်ဆောက်မှု အကောင်းဆုံးဆုရရှိသည့် အသင်းတို့အားလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ်က မှိုင်းခံစံချိန် အကောင်းဆုံးဆုများနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် အဖွဲ့လိုက်ရက်ကန်းစင် ကိုင်တွယ်ရက်လုပ်မှု အကောင်းဆုံး ဆုရရှိသည့်အသင်းတို့အားလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ်က ညမီးကြီး၊ စိန်နားပန် မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတို့တွင် တတိယဆုရရှိသည့် အသင်းများအား လည်းကောင်း ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌက ညမီးကြီး(ညမီးကျည်) မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ပြည်ထဲရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်း၊ စိန်နားပန်မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ဥပဒေရေးရာဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် ကချင်ပြည်နယ် ကိုယ်စားပြု မနောမြေရက်ကန်းစင် အသင်းတို့အား ဆုဖလား၊ ဂုဏ်ပြု ချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ညမီးကြီး(ညမီးကျည်) မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် နေပြည်တော် စည်ပင်သာယာရေး ကော်မတီ ကိုယ်စားပြုအသင်း၊ စိန်နားပန် မီးပုံးပျံလွှတ်တင် ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကိုယ်စားပြုအသင်းနှင့် မသိုးရွှေကြာသင်္ကန်းရက်လုပ် ပူဇော်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု အမရရွှေပြည် ရက်ကန်းစင်အသင်းတို့အား ဆုဖလား၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲအပြီးတွင် မီးရှူးမီးပန်းများ ပစ်ဖောက်၍ လတ်တီး တေးသီချင်းဖြင့် သီဆိုကပြ နှုတ်ဆက်ဖျော်ဖြေခဲ့ကြရာ ပြိုင်ပွဲဝင်အသင်းများက ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသမှ ဧည့်သည်တော်များက အတူတကွ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဇနီးတို့သည် နိုဗိုစီဗစ်ဒေသအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတန်ဆောင်တိုင် မီးထွန်းပွဲတော်သို့ လာရောက်ကြသူများအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ခဲ့ကြသည်။




ရုရှား-မြန်မာ ချစ်ကြည်ရေးအထိမ်းအမှတ် မီးပုံးပျံတွင် NOVOSIBIRSK စာသားကို လှပစွာချိတ်ဆွဲကာ ဝေဟင်ထက်သို့ လွှတ်တင်စဉ်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ တန်ဆောင်တိုင်ပွဲတော် အခါသမယအဖြစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ပွဲတော်ကာလအတွင်း ရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ ဝတ်ရွတ်အသင်းများက ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ခြင်း၊ အလှညမီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်း၊ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ခြင်း၊ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့်အလှဆင်ပူဇော်ခြင်း၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန် ပစ္စည်းအရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသ ရောင်းချခြင်းတို့နှင့်အတူ နိုင်ငံကျော် အနုပညာရှင်များကလည်း တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲများဖြင့် တင်ဆက်ခဲ့ကြပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ဆောက်လုပ်ရေးဝန်ကြီးဌာနကိုယ်စားပြု ညမီးကြီး မီးပုံးပျံ လွှတ်တင်ပူဇော်ယှဉ်ပြိုင်စဉ်။



ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသမှ ဧည့်သည်တော်များက ဆုချီးမြှင့်ပွဲအပြီးတွင် ပြိုင်ပွဲဝင်အသင်းများမှ ရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့်အတူ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြစဉ်။

# တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်များ ကျင်းပပြုလုပ်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးအား ဆီမီးများထွန်းညှိပူဇော်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၄**

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်များအနက် တစ်ရက်ဖြစ်သည့် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့) ဖြစ်သည်နှင့်အညီ တန်ဆောင်တိုင်ပွဲတော်၊ မီးထွန်းပွဲတော်တို့ကို မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကောင်း တစ်ရပ်အဖြစ် လက်ဆင့်ကမ်းထိန်းသိမ်းပြီး နှစ်စဉ်ကျင်းပပြုလုပ်ကြသည်။

အဆိုပါ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလ ဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများ၌ ကထိန်လျာသင်္ကန်း ကပ်လှူ၍ ကထိန်အလှူတော်မင်္ဂလာဆင်ယင်ခြင်း၊ ဒါန သီလ ဘာဝနာကုသိုလ်ယူ ဆည်းပူးပွားများခြင်း စသည့် သူတော်ကောင်း တရားများကို ကြိုးစားအားထုတ် ဆောင်ရွက်ကြပြီး ဘုရား၊ စေတီ၊ ပုထိုးများ၌လည်း စိတ်အေးချမ်းသာစွာ ဖူးမြော် ကြည်ညိုခြင်းများကို ပြုလုပ်ကြသည်။

ထိုသို့မြန်မာ့ယဉ်ကျေးမှုပွဲတော်ကို ထိန်းသိမ်းဆင်နွှဲလျက်ရှိကြရာ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် အတွင်းရှိ ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီးတွင်လည်း ယနေ့ညပိုင်းတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် ဇနီး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော် အရာရှိကြီးများနှင့် ဇနီးများက စေတီတော်မြတ်အား ဆီမီးများ၊ ရောင်စုံမီးအလှများဖြင့် ထွန်းညှိပူဇော်ခြင်း၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ခြင်း၊ ဆီမီး (၁၀၀၀) ထွန်းညှိ ပူဇော်ခြင်းများဖြင့် တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့) တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြသည်။

အလားတူ တန်ဆောင်တိုင် မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်း၌လည်း လမ်း၊ အဆောက်အအုံများ၊ ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများဖြင့် မီးထွန်းပွဲတော်ကို သာယာလှပစွာ ရှုမငြီးဖွယ် ပြုလုပ်ထားရှိပြီး ပျော်ပွဲရွှင်ပွဲများကိုလည်း ပြုလုပ်ထားရှိရာ ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများက စိတ်နှလုံး အေးချမ်းစွာဖြင့်ပျော်ရွှင် ကြည်နူးစွာ ဆင်နွှဲခဲ့ကြသည်။

စာမျက်နှာ ၁၁ သို့ ☆



ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



တန်ဆောင်တိုင်မီးထွန်းပွဲတော်အထိမ်းအမှတ်အဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများက စိတ်နှလုံးအေးချမ်းစွာဖြင့် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲကြစဉ်။



တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် စတုဒိသာကုသိုလ်ပြုကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



တန်ဆောင်မုန်းလပြည့်နေ့(သာမညဖလအခါတော်နေ့)တွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

**ရွေးကောက်ပွဲ ကျင်းပရန်**
၅၃ ရက်
**သာ လိုတော့သည်။**

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများအနက် ဦးရေ သုံးသန်းပြည့်မြောက်သည့် ဘုရားဖူးလာ ဆရာတော်အား ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏ သီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထား ပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွား တော်မြတ်ကြီးအား ရဟန်း၊ ရှင်လူအများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်းပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ်မပြတ် စည်ကားလျက်ရှိသည်။

ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရဟန်း၊ ရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညို နိုင်ရန် စတင်ဖွင့်လှစ်ပေးခဲ့သည့်နေ့မှစ၍ ဘုရားဖူး ပြည်သူအများအပြား နေ့စဉ်လာရောက်ဖူးမြော် ကြည်ညိုကြရာ ယနေ့ ၂၀၂၅ ခုနှစ် တန်ဆောင်မုန်း လပြည့်နေ့တွင် ဘုရားဖူးလာသူပြည်သူများအနက်မှ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည် မြို့နယ် မရွေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်မှ သက်တော် ၃၉ နှစ်၊ ဝါတော် ၁၉ ဝါရှိ ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တ ကုဝေရသည် ဦးရေ သုံးသန်းပြည့် မြောက်သည့် ကံထူးသည့် ဆရာတော်တစ်ပါးဖြစ် ကြောင်း သိရှိရသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး သို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေသုံး သန်းပြည့်မြောက်သူအဖြစ် လာရောက်ဖူးမြော်သည့် ဆရာတော်နှင့် ဆွေမျိုးများအား ဘုရားကြီးဂေါပက



အဖွဲ့မှ တာဝန်ရှိသူများက ဘုရားကြီးမုဒ်ဦးတွင် ကြိုဆိုနှုတ်ဆက်ကြပြီး မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်အတွင်းရှိ ကျောက်စာရုံစေတီတော်များ၊ အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်၊ ဂန္ဓကုဋိတိုက်များ၊ မုစလိန္ဒကန်၊ နဂါးရုံ ဘုရား၊ မာရဝိဇယကျောင်းတော်၊ သုဓမ္မာဇရပ် များအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ယင်းနောက် ယာယီရှင်းလင်းဆောင်၌ ဘုရား ဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံ များ တည်ထားကိုးကွယ်မှုဆိုင်ရာများနှင့် ဦးရေ သုံးသန်းမြောက် ဘုရားဖူးလာ ဆရာတော်ဖြစ်လာရ သည့် အကြောင်းရင်းအား ရှင်းလင်းပြောကြား သည်။ ၎င်းနောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုအရ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဦးရေ သုံးသန်းမြောက် ဘုရားဖူးလာ ဆရာတော်အား ဉာဏ်တော် ကိုးလက်မအမြင့်ရှိသော စကျင်ကျောက် ဖြင့် ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး ပုံတော်တူ ဆင်းတုတော်တစ်ဆူ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး မှန်ပေါင်သွင်းဓာတ်ပုံ တစ်ပုံ၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိက အဆောက်အအုံများဆိုင်ရာ သမိုင်းကြောင်း ပါဝင်သည့် CD တစ်ချပ်နှင့် ပါဠိ၊ ရိုမန် အက္ခရာနှစ်မျိုး တို့ဖြင့် ပြုစုထားသော ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ပါဠိ တော် ၅၃ ကျမ်း ၄၀ အုပ် တစ်စုံတို့ကို အမှတ်တရ ဓမ္မလက်ဆောင်အဖြစ် ဂုဏ်ပြုဆက်ကပ်လှူဒါန်းခဲ့ ကြောင်း သိရသည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေ သုံးသန်း ပြည့်မြောက်သူ ဘုရားဖူးလာ ဆရာတော်၏ ကြည်နူး ပီတိစကားသံများကိုလည်း ယခုလို ကြားသိရ ပါတယ်။

**ဆရာတော် ဘဒ္ဒန္တကုဝေရ (သုံးသန်းမြောက်ဘုရားဖူး ကံထူးရှင်)**

ဦးဇင်းက သာစည်မြို့နယ် မရွေးကျေးရွာ မရွေး ကျောင်းတိုက်က လာရောက်ဖူးမြော်ကြည်ညိုတာ ဖြစ်ပါတယ်။ မမျှော်လင့်ဘူးလေ။ ဦးဇင်းရဲ့ ဒကာ၊ ဒကာမတွေကို ဘုရားဖူးသီးသန့်ပဲ လိုက်ပို့တဲ့အချိန်မှာ အခုလိုမျိုး ဦးဇင်းက ဘုရားဖူးကုသိုလ်ရှင် သုံးသန်း မြောက် ကံထူးခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ဦးဇင်းပေးချင်တဲ့ ဓမ္မလက်ဆောင်ကတော့ “မကောင်း မှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား” တဲ့။ မကောင်းမှုတွေကို ရှောင်ရမယ်၊ ကောင်းမှုတွေကို ဆောင်ရမယ်၊ စိတ်ကို ဖြူစင်အောင်ထားရပါမယ်။ နေပြည်တော်ကို အလည်လာရင်းလည်းပဲ ဦးဇင်းက ဒီဘုရားကြီးကို ရောက်ဖြစ်တယ်။ ဘာလို့လာတာလဲ ဆိုရင် ဘုရားကြီးကို ဖူးလိုက်ရတာနဲ့ အလိုလိုကို စိတ်ချမ်းသာတယ်။ ပီတိတွေဖြစ်တယ်။ ဒါကြောင့် မို့လို့ဦးဇင်းက နေပြည်တော်လာတိုင်းလာတိုင်းလည်း ဒီဘုရားကြီးကို ဖူးဖြစ်ပါတယ်။

**သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ကန်တော်ကြီးဥယျာဉ်၌ လာရောက်အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



မြစ်ကြီးနားမြို့ရှိ ဆုတောင်းပြည့်စေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

☆ **စာမျက်နှာ ၁၀ မှ**

“တန်ဆောင်”မှာ မီးရှူး၊ မီးတိုင်၊ ဆီမီးဟု အဓိပ္ပာယ်ရပြီး “မုန်း”မှာ တောက်ပသည်ဟူသော အနက်ကိုယူ၍ ဝေါဟာရပေါင်းစည်းသည့်အခါ “ဆီမီးတိုင်များ မျက်စိတစ်ဆုံး ပွားများထွန်းလင်းနေသည်”ဟု ဆိုလိုသည်ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ တန်ဆောင်တိုင် မီးထွန်းပွဲတော်များ၊ ရှင်ဥပဂုတ္တမထေရ်မြတ်ပူဇော်ပွဲနှင့် မီးမျှောပူဇော်ပွဲများကို ကျင်းပခြင်း၊ မသိုးသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆွမ်းဆန်တော်လောင်းလှူခြင်းများ ပြုလုပ်ကြရာ အများပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ထွန်းညှိပူဇော် ဖူးမြော်ကြည်ညိုကြပြီး နိဗ္ဗာန်ဈေးပွဲတော်များတွင်လည်း ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိသည့်အပြင် ညပိုင်းတွင် မဲဇလီဖူးသုပ် ဒါနပြုကြသူများ၊ ပံ့သကူ အလှူပြုကြသူများ၊ ပံ့သကူ အလှူကောက်ကြသူများဖြင့် အေးချမ်းပျော်ရွှင်လျက်ရှိသည်ကို တွေ့ရသည်။ လာရောက် အပန်းဖြေကြသူများ အလားတူ တန်ဆောင်တိုင် ရုံးပိတ်ရက်ကာလ ဖြစ်သည်နှင့် အညီ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ အပန်းဖြေစခန်းများ၊ ကမ်းခြေများ၊ အများပြည်သူနှင့် သက်ဆိုင်သည့် ပန်းခြံများ၌ နှင့် အထူးစည်ကားလျက်ရှိကာ တန်ဆောင်မုန်း လပြည့်နေ့ အခါသမယကို အများပြည်သူများအနေဖြင့် ပျော်ရွှင်ကြည်နူးစွာ ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် မီးပုံးပျံလွှတ်တင်ပူဇော်ပွဲ အောင်မြင်စွာကျင်းပပြီးစီး၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တစ်ခဲနက်ပါဝင်ဆင်နွှဲ

**နေပြည်တော် နိုဝင်ဘာ ၄**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် မီးပုံးပျံ လွှတ်တင်ပူဇော်ပွဲကို ယနေ့နောက်ဆုံးနေ့အဖြစ် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပရာ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ ကြိတ်ကြိတ်တိုး တစ်ခဲနက် ပါဝင်ဆင်နွှဲကြသည်။



**အထူးစည်ကားလျက်ရှိ**

ယနေ့သည် ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးများ၏ နေ့ထူးနေ့မြတ် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့) နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကြီး၏ နောက်ဆုံးရက် ဖြစ်သည်နှင့်အညီ ဘုရားကြီးသို့ လာရာလမ်းတစ်လျှောက်တွင် ဘုရားဖူးခရီးသည်တင် ယာဉ်ကြီးများ၊ ကိုယ်ပိုင် ယာဉ်ငယ်များဖြင့် တိုးမပေါက်အောင် စည်ကားလျက်ရှိပြီး ဘုရားမုခ်ဦးအပြင် ကားရပ်နားဝင်းနေရာများ၌လည်း နေပြည်တော် ဒေသခံများအပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးယာဉ်များ အများအပြား စုဝေးရောက်ရှိလာကြသည့် အတွက် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဘုရားအဝင် အထွက်လမ်းကြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် စနစ်တကျ ဆောင်ရွက်ပေးကာ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း၌လည်း မီးထွန်းပွဲတော်ကြီးတွင် တပျော်တပါး ပါဝင်ဆင်နွှဲရန် ရောက်ရှိလာကြသည့် ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်မှာ မြင်တွေ့ရသူတိုင်းအဖို့ ကြည်နူးပီတိဖြစ်ဖွယ်ရာမြင်ကွင်းတစ်ခုလည်းဖြစ်သည်။

ထို့ပြင် တာဝန်ရှိသူများက တန်ဆောင်တိုင် ပွဲတော်လာဘုရားဖူးပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စိတ်လက်အေးချမ်းစွာ ဘုရားဖူးမြော် ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ဘုရားမုခ်ဦးများရှေ့တွင် လုံခြုံရေးအရ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပေးပြီး သံဃာတော်များ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်သို့ လွယ်ကူစွာ တက်ရောက်ဖူးမြော်နိုင်ရေးအတွက် မော်တော်ယာဉ်ငယ်များဖြင့် စနစ်တကျပို့ဆောင်ပေးကြကာ ပွဲတော်အတွင်း ကုသိုလ်ပြု ဆီမီးထွန်းညှိနိုင်မည့်နေရာများ၊ မီးပုံးပျံ လွှတ်တင်ပူဇော်မည့်နေရာများ၊ ဈေးပွဲတော်နေရာများနှင့် အခြားသွားရောက်လေ့လာနိုင်မည့် နေရာများကိုလည်း အလွယ်တကူသွားရောက်နိုင်ရေးအတွက် ကူညီလမ်းညွှန်ပြသပေးကြသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ၏ ထုံးတမ်းစဉ်လာတွင် မသိုးသင်္ကန်းရက်လုပ် ဆက်ကပ်လှူဒါန်းခြင်းကို တန်ဆောင်မုန်းလ အခါသမယတွင် ကျင်းပပြုလုပ်လေ့ရှိပြီး လပြည့်နေ့မတိုင်မီ အဖိတ်နေ့ ညနေပိုင်းတွင် သင်္ကန်းတော်များကို စတင်ရက်လုပ်၍ လပြည့်နေ့ အရုဏ်မတက်မီ အပြီးချုပ်လုပ်ကာ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ကပ်လှူပူဇော်ခြင်းများကို နှစ်စဉ် အမြို့မြို့အနယ်နယ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။

ထို့ကြောင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တန်ဆောင်မုန်းလပြည့်နေ့တွင် မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်းနိုင်ရန်အတွက် ယမန်နေ့ ညနေပိုင်းမှစတင်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရက်ကန်းပညာရှင်အဖွဲ့များက ရက်ကန်းစင် ၁၅ စင်ဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ရက်လုပ်ကြပြီး ယနေ့ကျရောက်သည့် လပြည့်နေ့ နံနက်မဂ်လာအချိန်တွင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မသိုးရွှေကြာသင်္ကန်းတော် ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့ကြသည်။

ညပိုင်းတွင် တန်ဆောင်တိုင် မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများသည် စိတ်အေးချမ်းသာစွာဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်လင်သဒ္ဓါစိတ်တို့ဖြင့် ပန်း၊ ရေချမ်းနှင့် ဆီမီးကပ်လှူဖူးမြော် ကြည်ညိုကြပြီး ဘုရား ရင်ပြင်တော်အတွင်း အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြရာ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တရားဓမ္မအသံများဖြင့် ထုံးမွမ်းလျက်ရှိသည့်အပြင် ဘုရားဖူးများ၏ ဆီမီး ၉၀၀၀ ထွန်းညှိကပ်လှူပူဇော်ခြင်းနှင့် LED မီးများဖြင့် ခမ်းနားစွာ အလှဆင် ပူဇော်ထားခြင်းတို့၏ အလင်းရောင်သည် ရုပ်ပွားတော်မြတ်ကြီးနှင့် စေတီပုထိုးတို့၏ သပ္ပာယ်မှုတို့ကို ပိုမိုပေါ်လွင်စေခဲ့ပြီး တန်ဆောင်မုန်းလ၏ ညအလှကို ပိုမိုထွန်းလင်းတောက်ပစေခဲ့သည်။

ပွဲတော်ကြီး၏အဓိကအနှစ်သာရဖြစ်သည့် မြတ်စွာဘုရားရှင်အား မီးပုံးပျံလွှတ်တင်ပူဇော်မည့်နေရာ အသီးသီး၌လည်း ဘုရားဖူးလာပြည်သူများက ကြိုတင်စောင့်ဆိုင်းရောက်ရှိနေကြပြီး မီးပုံးပျံ အောင်မြင်စွာ လွှတ်တင်နိုင်ရေးအတွက် တာဝန်ရှိသူများက မီးပုံးပျံအား မီးခိုးမှိုင်းသွင်းခြင်း၊ မီးကျည်ယမ်းများ တပ်ဆင်ခြင်းစသည့် လုပ်ငန်းစဉ် အဆင့်ဆင့်ပြင်ဆင်နေမှုအား ပြည်သူများက အထူးစိတ်ဝင်တစားကြည့်ရှုလေ့လာကြသည်။

ထို့နောက် မီးပုံးပျံလွှတ်တင်၍ မြတ်စွာဘုရားရှင်အား ပူဇော်မည့်အချိန်တွင် တိုင်းရင်းသားရိုးရာ အကအလှများ၊ အိုးစည်ဒိုးပတ်၊ သံချပ်တီးလုံးများဖြင့် တွဲဖက်၍ ဘုရားဝင်းအတွင်း သတ်မှတ်နေရာများအလိုက် မီးရှူး၊ မီးပန်းများ ပစ်ဖောက်ပူဇော်ခြင်းနှင့် မီးပုံးပျံအသေးများ၊ အလှညမီးကြီးနှင့် စိန်နားပန် မီးပုံးပျံကြီးများအား ကောင်းကင်ယံထက်သို့ တစ်လုံးပြီးတစ်လုံး အောင်မြင်စွာ လွှတ်တင်ပူဇော်ကြသည်။

ထိုသို့မီးပုံးပျံကြီးများ ညအမှောင်ကို ဖြိုခွင်းလျက် အောင်မြင်စွာ လွှတ်တင် ပူဇော်ချိန်တွင် ကောင်းကင်ယံ တစ်ခွင်လုံး၌ ရွှေရောင်၊ ငွေရောင်၊ မီးပန်းမိုးများဖြင့် ထိန်ထိန်ညီးလှပသွားခဲ့ပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စေတနာတရား၊ စုပေါင်းအားတို့ ပေါင်းစုံ၍ အမြင့်မြတ်ဆုံးသော အလင်းရောင်ဖြင့် ခမ်းနားစွာ ပူဇော်ခဲ့ကြကာ ဘုရားဖူးလာပြည်သူများ၏ ကြည်နူးပီတိဖြစ်စွာ ဟစ်ကြွေးကြသော သာဓုခေါ်သံများနှင့် လက်ခုပ်သံများ သည်လည်း နေပြည်တော် တန်ဆောင်မုန်းလ၏ ညအလှကို ပိုမိုအသက်ဝင်လာစေခဲ့သည်။

ယနေ့ညတွင် ဝန်ကြီးဌာနအလိုက် မီးပုံးပျံလွှတ်တင်မှုများအဖြစ် စိန်နားပန် မီးပုံးပျံလွှတ်တင်ယှဉ်ပြိုင်မှုတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာန တို့ကလည်းကောင်း၊ ညမီးကြီးမီးပုံးပျံ လွှတ်တင်ယှဉ်ပြိုင်မှုတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က လည်းကောင်း၊ တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲ လပြည့်ည ဂုဏ်ပြုမီးပုံးပျံကို လည်းကောင်း မာရဝိဇယဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး၏ ကောင်းကင်ယံထက် အောင်မြင်စွာ လွှတ်တင်ပူဇော်ခဲ့ကြရာ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများနှင့် ပြည်သူများကလည်း သတ်မှတ်နေရာ အသီးသီး၌ မီးပုံးပျံငယ်များကို ပြိုင်တူလွှတ်တင်ဝန်းရံပူဇော်ခြင်းကြောင့် ကောင်းကင်ယံတွင် စိန်နားပန်နှင့် ညမီးကြီး မီးပုံးပျံကြီးများ၏ အလှကို ပိုမိုပေါ်လွင်စေခဲ့ပြီး အံ့သြဖွယ်ရာ ကြည့်မဆုံးအောင် လှပနေခဲ့သည်။

ထိုသို့မီးပုံးပျံ လွှတ်တင်ယှဉ်ပြိုင်နေစဉ်အတွင်း သံချပ်တီးလုံးများ၊ ဆီမီးခွက် ကိုင်ဆောင်ပူဇော်ခြင်းများနှင့်အတူ တန်ဆောင်တိုင် ပွဲတော်ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့်တေးသံသာများကြောင့်လည်း တန်ဆောင်တိုင်ညအလှကို ပိုမိုပေါ်လွင်စေခဲ့ပြီး ဘုရားဖူးလာပြည်သူများအတွက် ကြည်နူးပီတိဖြစ်ဖွယ် အပြည့်စုံဆုံး ညတစ်ညဖြစ်ခဲ့သည်။

ထို့ပြင် ပွဲတော်ကြီးကျင်းပနေစဉ်အတွင်း နိုင်ငံကျော်တေးသံရှင် ရဲထိုက်၊ မေ့ချစ်သက်၊ J Fire၊ ဆုထက်လှိုင်တို့နှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၊ မြဝတီရုပ်မြင်သံကြားတို့မှ ယိမ်းအဖွဲ့များနှင့် တေးသံရှင်များက တန်ဆောင်တိုင်ပွဲတော်ကာလကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းများတွဲဖက်၍ မြန်မာ့ရိုးရာ ယဉ်ကျေးမှုအကအလှများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြရာ ဘုရားဖူးပြည်သူများကလည်း ရိုးရာယဉ်ကျေးမှုနှင့်အညီ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရည်မှန်းပူဇော်ခဲ့ကြသည့် တန်ဆောင်တိုင် ပွဲတော်ကြီးတွင် စေတနာ၊ ဝီရိယ၊ အနုပညာနှင့် ကုသိုလ်စိတ်များ ပေါင်းစပ်ကာ မီးပုံးပျံလွှတ်တင်ပူဇော်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုများအသီးသီးရရှိခဲ့ကြသည့် ဝန်ကြီးဌာနများမှ ပြိုင်ပွဲဝင်အဖွဲ့များကိုလည်းကောင်း၊ ညတွင်းချင်း စေတနာထက်သန်စွာဖြင့် အချိန်မီရက်လုပ်၍ အမြင့်မြတ်ဆုံးသောပူဇော်မှုအဖြစ် မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲတို့တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ရက်ကန်းပညာရှင်အဖွဲ့များကိုလည်းကောင်း ဂုဏ်ပြုဆုများထိုက်တန်စွာ ချီးမြှင့်ခဲ့ရာ ဆုရရှိကြသူများ၏ အောင်မြင်မှုကြည်နူးပီတိအပြုံးများနှင့် အတူ ပြည်သူများ၏ အားပေးဂုဏ်ပြုသည့် လက်ခုပ်သြဘာသံများသည်လည်း ပွဲတော်ကြီးတစ်ခုလုံး ပွဲ့ထင်ထပ်သွားခဲ့သည်။

ထို့ပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း၌လည်း LED မီးများဖြင့် အလှဆင် ပူဇော်ထားရှိသည့်အတွက် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် ဘုရား၊ စေတီ၊ ပုထိုးများ၏ သပ္ပာယ်မှုများနှင့် အံ့မခန်းဖိသုကာလက်ရာများကိုလည်း လာရောက်ကြသည့် ဘုရားဖူးပြည်သူများ တစ်နှစ်တွင် တစ်ကြိမ်သာကြုံတွေ့ရမည့် တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် ယှဉ်တွဲ၍ ဖူးမြော်ကြည်ညိုလေ့လာခဲ့ကြသည်။

**အောင်မြင်စွာကျင်းပ**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို မီးထွန်းပွဲတော်၊ မီးပုံးပျံလွှတ်တင်ပူဇော်ပွဲတော်၊ မသိုးသင်္ကန်းရက်လုပ် ပူဇော်ပွဲတော်များနှင့်အတူ တေးဂီတနှင့် ဇာတ်သဘင်ဖျော်ဖြေပွဲ၊ ဈေးရောင်းပွဲတော်တို့ဖြင့် နိုဝင်ဘာ ၂ ရက်မှ ၄ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပေးခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအနေဖြင့်လည်း တစ်ခဲနက်လာရောက်၍ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါပွားများစွာ ဖူးမြော်ရသည့်အပြင် တန်ဆောင်တိုင်ည၏ သာယာကြည်နူးဖွယ်ရာအလှတရားများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ရသများနှင့် ဖျော်ဖြေရေးအစီအစဉ်များကိုပါ တစ်နေရာတည်းတွင် အပြည့်အဝခံစားဆင်နွှဲနိုင်ခဲ့သည့်အတွက် ကုသိုလ်တရားများဖြင့် ပြည့်နှက်နေသည့် စိတ်ကြည်နူး ချမ်းမြေ့ဖွယ်ရာ ပွဲတော်ကြီး တစ်ခုအဖြစ် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

**သတင်း – မျိုးဆက်သစ်၊ ဂျိုင်းလော**
**ဓာတ်ပုံ – ဖိုးပြည့်စုံ၊ သီဟ**





# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် နောက်ဆုံးနေ့ ပွဲတော်လာပရိသတ်များဖြင့် အထူးစည်ကားခဲ့



**နေပြည်တော် နိုဝင်ဘာ ၄**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ တန်ဆောင်တိုင်မီးထွန်းပွဲ၊ မီးပုံးပျံ လွှတ်တင်ပူဇော်ပွဲနှင့် ဈေးရောင်းပွဲတော်ကို သုံးရက်တာ ကျင်းပလျက်ရှိရာ ယနေ့ တန်ဆောင်မုန်း လပြည့်ညပွဲတော် နောက်ဆုံးနေ့တွင် အနယ်နယ် အရပ်ရပ်မှ ပွဲတော်လာပြည်သူများ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်း မိသားစုများက အေးချမ်းပျော်ရွှင်စွာ လာရောက် ပါဝင်ဆင်နွှဲကြပြီး စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း၊ အပြင်သည် ပွဲတော်လာပရိသတ်များဖြင့် အထူးစည်ကားခဲ့သည်။

"ကလေး၊ လူကြီး အားလုံး အေးအေးချမ်းချမ်း ပျော်ပျော်ပါးပါးနဲ့ တော်တော်စည်ကားပါတယ်။ မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို လာရောက်ဖူးမြော်ရင်း မိသားစုနဲ့အတူ ဘုရားပွဲတော်လည်ရင်း၊ မီးပုံးပျံလွှတ်တာတွေ ကြည့်ရင်း လာရောက်တာပါ။ ဒီနှစ်မှ ပထမဆုံး နေပြည်တော် တန်ဆောင်တိုင်ပွဲတော် ရောက်ဖူးတာပါ။ ဈေးရောင်းပွဲတော်မှာ ဒေသထွက်ကုန် ပစ္စည်းတွေကိုလည်း လေ့လာခွင့်ရခဲ့သလို နိုင်ငံကျော်အဆိုတော်တွေရဲ့ ဖျော်ဖြေရေးအစီအစဉ်တွေ၊ အနုသုခုမ ဇာတ်သဘင်ဖျော်ဖြေရေး အစီအစဉ်တွေ ကြည့်ရှုခွင့်ရတဲ့အတွက် ပွဲတော်ကို စီစဉ်ပေးတဲ့ တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ကျောက်ပန်းတောင်းမြို့မှ လာရောက်လည်ပတ်သည့် ဒေါ်စမ်းစမ်းအေးက ပြောပြသည်။

ထိုသို့ တန်ဆောင်တိုင်ပွဲတော် လာရောက်ကြသည့် ပြည်သူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပရိဝုဏ်အပြင်ဘက်ရှိ ဈေးရောင်းပွဲတော်၌ ရောင်းချလျက်ရှိသည့် ဒေသထွက်ကုန်များ၊ ဒေသအစားအစာများ ကိုလည်း အထူးနှစ်ခြိုက်စွာ ဝယ်ယူအားပေးလျက်ရှိသည်ကို တွေ့ရသည်။

"မကွေး ပဲဆီသန့်ဆုံဆီ လာရောက်ပါဝင် ရောင်းချတာပါ။ ပွဲတော်လာ ဧည့်ပရိသတ်တွေက ဝယ်ယူကြပါတယ်။ တချို့က ပွဲတော်ပထမရက်က ဝယ်ယူပြီး ကြိုက်နှစ်သက်လို့ ထပ်မံလာရောက် အားပေးတာတွေလည်းရှိပါတယ်။ အော်ဒါမှာတာလည်း ရှိတယ်။ တန်ဆောင်တိုင်ပွဲတော်ဆိုပေမယ့် ဒေသထုတ်ကုန်တွေ၊ ဒေသအစားအစာတွေ ပါဝင်ရောင်းချခွင့်ပေးတဲ့အတွက် ကျွန်မတို့လို MSME လုပ်ငန်းရှင်တွေ အနေနဲ့ စားသုံးသူနဲ့ တိုက်ရိုက်ထိတွေ့ရောင်းချခွင့် ရတယ်။ Marketing တစ်မျိုးလို့လည်း ပြောလို့ရပါတယ်။ ရောင်းအားလည်း ကောင်းပါတယ်" ဟု Ok သင်းရန့် ပဲဆီသန့်လုပ်ငန်းမှ မအေးချမ်းဖြိုးက ပြောသည်။

ဈေးရောင်းပွဲတော်တွင် ဒေသအလိုက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) ထုတ်ကုန်ပြခန်းများ၊ နေပြည်တော် ကောင်စီနယ်မြေမှ MSME စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်း အရောင်းဆိုင်များ၊ One Region One Product (OROP) ထုတ်ကုန်ပစ္စည်းများ၊ EV ကားနှင့် ဆိုင်ကယ်အရောင်းပြခန်း အပါအဝင် ဆိုင်ခန်းပေါင်း ၃၀၈ ခန်းဖြင့် အမျိုးအစားစုံလင်စွာ ခင်းကျင်းပြသ ရောင်းချပေးလျက်ရှိသည်။

ထို့အတူ ဈေးဆိုင်ခန်းများတွင် ဖျော်ရည်၊ ယိုမျိုးစုံ၊ မှျစ်ချဉ် စသည့် ဒေသထွက်ကုန်များ၊ ပယင်းလက်မှုပစ္စည်းများ၊ ကျောက်ပန်းချီနှင့် ကျောက်မျက်အချောထည် ပစ္စည်းများ၊ လက်မှုပန်းချီကားများ၊ လက်ရက်ကန်းထည်များ၊ ချည်ထည် အဝတ်အထည်များ၊ မြန်မာမှုလုပ်ငန်းများ စသည်ဖြင့် အမျိုးအစားအလိုက် ခင်းကျင်း ရောင်းချလျက်ရှိရာ ပွဲတော်လာပရိသတ်များက စိတ်ကြိုက် ရွေးချယ် ဝယ်ယူလျက်ရှိကြသည့် အပြင် ရှမ်းအစားအစာ အရောင်းဆိုင်၊ ရခိုင်အစားအစာ အရောင်းဆိုင်၊ မြန်မာမုန့်မျိုးစုံ အရောင်းဆိုင်အပါအဝင် အမျိုးအစားစုံ၊ အရသာအစုံ ရောင်းချနေမှုကို စားသုံးသူများက ကြိတ်ကြိတ်တိုး ဝယ်ယူအားပေးလျက် ရှိကြသည်။

"တကယ်ကို ပျော်စရာကောင်းတဲ့ ပွဲတော်ကြီးပါ။ ပွဲတော်သုံးရက်လုံးလာဖြစ်တယ်။ မာရဝိဇယဘုရားကြီးက သပ္ပာယ်တယ်၊ဘုရားဖူးရင်း အေးချမ်းမှုကို ခံစားရတယ်။ ဘုရားဝင်းကလည်း ကျယ်တော့ ဘုရားဖူးတွေလည်း အေးအေးဆေးဆေး ရှိတယ်။ ပွဲတော်မှာ ရောင်းချတဲ့ ဒေသထွက်ကုန်တွေကို ဝယ်ယူဖြစ်ခဲ့ပါတယ်။ တိုင်းရင်းသားရိုးရာ အစားအစာတွေကိုလည်း မြည်းစမ်းဦးမှာပါ။ ဈေးရောင်းပွဲတော်လည်ပြီးရင် အဆိုတော်တွေ ဖျော်ဖြေမှုကို အားပေးမယ်။ အလုပ်ပိတ်ရက်ဖြစ်တဲ့အတွက်အေးအေးဆေးဆေး အပန်းဖြေခွင့်ရတဲ့ ပွဲတော်ကြီးပါ။ ဒါကြောင့် ဖျော်ဖြေရေးအစီအစဉ်အားလုံးပြီးမှပဲ ပြန်မှာပါ" ဟု ပွဲတော် လာရောက်သူတစ်ဦးက ပြောသည်။

ထိုကဲ့သို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်မီးထွန်းပွဲတော်သို့ လာရောက်ကြသည့် ဘုရားဖူးပြည်သူအများ စိတ်အပန်းပြေ ပျော်ရွှင်မှုရှိစေရေးအတွက် ရဟတ်၊ ပင်လယ်ဓားပြလှေ၊ ပျော့အိ၊ ကလေးစီး ချားဝိုင်း၊ ကလေးစီး ရထားဝိုင်း၊ ကလေးစီး လှုပ်စီ၊ ကလေးစီး ဒုံး စသည်ဖြင့် ကစားနည်းမျိုးစုံကို ထည့်သွင်း စီစဉ်ထားသည့်အတွက် ကလေးငယ်များက ကစားကွင်းအပြည့် ပျော်ရွှင်စွာ လာရောက်ဆော့ကစားကြပြီး ကလေးငယ်များ၏လှုပ်ရှားမှုများသည် တန်ဆောင်တိုင်ပွဲတော်၏ အေးချမ်းသာယာမှု အနှစ်သာရကို ပိုမိုပေါ်လွင်စေသည်။

ထို့ပြင် ပွဲတော်လာ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ တန်ဆောင်တိုင်ပွဲတော်ကြီး နွှဲပျော်နိုင်ရန်၊ စိတ်အပန်းပြေစေရန် အတွက် ပွဲတော်ကျင်းပသည့် သုံးရက်စလုံး အခမဲ့ဖျော်ဖြေရေး အစီအစဉ်များကို ထည့်သွင်းကျင်းပလျက်ရှိရာ နိုင်ငံကျော် တေးသံရှင်များ၏ ခေတ်ပေါ်တေးဂီတ စတိတ်ရှိုးသည် ပွဲတော်လာ လူငယ်များ၊ ကျောင်းသား ကျောင်းသူများ၏ အားပေးမှုကို အထူးရရှိခဲ့သည်။

စတိတ်ရှိုး ဖျော်ဖြေရေးအစီအစဉ်များတွင် Hi Bird Music Band နှင့် Runner Music Band တို့နှင့်တွဲဖက်၍ နိုင်ငံကျော် တေးသံရှင်များ ဖြစ်ကြသည့် ကိုင်ဇာ၊ ကော်နီ၊ ရဲသွင်၊ ရတနာမိုင်၊ ဝိုင်းဆုခိုင်သိန်း၊ မိစန္ဒီ၊ နန်းခင်ဇေယျာ၊ ဆောင်းယွန်းစံ၊ မိုးပြည့်ပြည့်မောင်၊ ဟဲလေး၊ ဖြိုးကြီး၊ ဂျီလတ်၊ ဝေကြီး၊ Yong P၊ ဆုပန်ထွာ၊ နေမင်းအိမ်၊ ဝိုင်းလေး၊ ဖော်ဝေး၊ ထက်ယံ၊ ဂျိုးလေး၊ ရော်ရှက်၊ သံသာမိုးသိမ့်၊ ဝင့်ယမုံနိုင်၊ စည်သူဝင်း၊ ဆုထက်လှိုင်၊ ဟန်ထူးဈာန်၊ ဈာဈာန်ဟန်သာ၊ ထက်အဥ္စလီ၊ ယွန်းမြတ်သူ၊ ဝန၊ J Fire၊ Ice Cold၊ M Three၊ မိုးအာကာဝင်း၊ဓွဲထက်၊ ခိုင်မြသစ္စာ၊ A Yoon၊ အေးငြိမ်းစံ၊ ပိုးဖြူဖြူနှင့် Tommy Kyaw တို့က ပွဲတော်လာပရိသတ်အကြိုက် ခေတ်ပေါ်တေးသီချင်းများဖြင့် အလှည့်ကျ ဖျော်ဖြေသီဆိုပေးကြသည်။

ထိုသို့ နိုင်ငံကျော်တေးသံရှင်များ၏ တေးသီချင်းများ မြူးမြူးကြွကြွ သီဆိုဖျော်ဖြေမှုများကို ပရိသတ်များက အတူလိုက်ပါသီဆို ကခုန်စီးမြောရင်း တန်ဆောင်တိုင်ပွဲတော်ကို ကွင်းပြည့်ကွင်းလျှံ အေးချမ်းပျော်ရွှင်စွာ လာရောက် ဆင်နွှဲခဲ့ကြသည်။

ထို့အတူ နိုင်ငံကျော် ဇာတ်မင်းသား ဖိုးချစ် ဇာတ်ပွဲသဘင်၏ ခေတ်မီသည့် သဘင်စင်မြင့် အပြင်အဆင်များ၊ အသံစနစ်များ၊ ခေတ်မီ နည်းပညာရပ်များ၊ ဆိုင်းဝိုင်းကြီးနှင့် အနောက်တိုင်းတူရိယာများ၏ မြူးမြူးကြွကြွ မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်မှုများကို တွဲဖက်ပံ့ပိုးပြီး ထူးခြားပြောင်မြောက်သည့် သဘင်အနုပညာဖြင့် ပေါင်းစပ်ဖျော်ဖြေတင်ဆက်မှုများက ပရိသတ်အကြိုက်တွေ့သည့်အပြင် သဘင်ချစ်ပရိသတ်များကို အပန်းပြေစေခဲ့သည်။

**ဖျော်ဖြေတင်ဆက်**

ယနေ့ ပွဲတော်နောက်ဆုံးည ဖျော်ဖြေတင်ဆက်မှုတွင် မြို့ရွှေမန်းသားဖိုးချစ် ဆိုင်းတီးဝိုင်းအဖွဲ့၏ပဏာမညှော့ခံတီးလုံးဖျော်ဖြေမှု၊ ဇာတ်သဘင် အကအဖွဲ့၏ ဖေဖေကျော်နတ်ယိမ်းအက ဖျော်ဖြေမှု၊ အဖွဲ့လိုက်ပဏာမတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှု၊ ပျော်စရာကပွဲ ဘုံကထိန်သီချင်းဖြင့် အကအဖွဲ့၏ဖျော်ဖြေမှု၊ တေးဂီတပညာရှင် ထပ်ဆင့်အကယ်ဒမီ ဓီရာမိုရ်၏ တေးသီချင်း တီးခတ်မှုများကို နောက်ခံပြု၍ မြို့ရွှေမန်းသား ဖိုးချစ် ဦးဆောင်တင်ဆက်ကပြသည့် တာဇံ(သို့မဟုတ်) လက်ပံပွင့်ကောက်အော်ပရာ၊ နိုင်ငံကျော် ဟာသလူရွှင်တော်များ ပါဝင်သည့် ဟာသတစ်ခန်းရပ် အစီအစဉ်၊ ခေတ်ပေါ်တေး အစီအစဉ်၊ တရားရှင်ဇာတ်တော်ကြီး၊ နှစ်ပါးသွားအက စသည်တို့ကို ဇာတ်သဘင်ပညာရှင်များက သဘင်အနုပညာအပြည့်ဖြင့် စည်းဝါးနှင့်အပြိုင် ဟန်ချက်ညီညီ သီဆိုကပြဖျော်ဖြေ တင်ဆက်ခဲ့ကြရာ သဘင်ချစ် ပရိသတ်များက အားပေးမှု လက်ခုပ်သံများဖြင့် နှစ်သက်စွာ ခံစားကြည့်ရှုခဲ့ကြသည်။

ထိုသို့ ပွဲတော်လာပရိသတ်များ အေးချမ်းပျော်ရွှင်စွာ ဆင်နွှဲနိုင်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များက လုံခြုံရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး အတွက်လည်းကောင်း၊ ကျန်းမာရေးဝန်ထမ်းများက ပွဲတော်လာပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ပါက ကုသမှုပေးနိုင်ရန် ဆေးခန်းဖွင့်လှစ်၍ လည်းကောင်း၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီက ပွဲတော် သန့်ရှင်းသာယာလှပရေးအတွက် အမှိုက်များ သိမ်းဆည်းခြင်းကိုလည်းကောင်း ပွဲတော်ကျင်းပသည့် သုံးရက်တာအတွင်း တာဝန် ထမ်းဆောင်ပေးကြကြောင်း သိရသည်။

**သန်းမင်းအောင်၊ ဂျိုင်းလော**
**ဓာတ်ပုံ-သီဟ၊ ပြည့်စုံ**

# တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလ အခါတော်နေ့)၌ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိ

ရန်ကုန် နိုဝင်ဘာ ၄

ယနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်များတွင် တစ်ခုအပါအဝင်ဖြစ်သည့် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလ အခါတော်နေ့) ဖြစ်သည့် အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရား၊ စေတီများ၌ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်။

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကကြီးမှူးကျင်းပသည့် ၁၃၈၇ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလ အခါတော်နေ့) အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ရွှေတိဂုံ စေတီတော်မြတ်ကြီး၏ (၃၇) ကြိမ်မြောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်ခတ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲဝင်များနှင့် ဘုရားဖူးလာပြည်သူများက စေတီတော်ရင်ပြင် အောင်မြေမှစတင်၍ ရွှေတိဂုံစေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်များအား ကပ်လှူပူဇော်မည့် ကထိန်ရွှေကြာသင်္ကန်းတော်များကို ကိုင်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အထက်ပစ္စယံရှိပတ္တမြားမျက်ရှင် ရုပ်ပွားတော်မြတ်အား ကထိန်ရွှေကြာသင်္ကန်း ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေး ဝတ်အသင်းအဖွဲ့များက အာရုံခံတန်ဆောင်းမုခ် လေးမုခ်ရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမမြတ်စွာဘုရားတို့အား ကထိန်ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များနှင့် တာဝန်ရှိသူများက ရွှေတိဂုံစေတီတော်ရင်ပြင် ဧည့်ခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီးနှင့် အမွှေးနံ့သာများ ကပ်လှူပူဇော်ကြပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား ရောင်တော်ဖွင့်တန်ဆောင်း၌ အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သီလခံယူပွဲနှင့် ရေစက်ချ အခမ်းအနားကို ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဩဝါဒါစရိယ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တ အဂ္ဂသာမိထံမှ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် ပဓာနနာယက ဘဒ္ဒန္တနာရဒါဘိဝံသထံမှ အနုမောဒနာတရား နာယူပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ထို့အတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်၏(၄၁)ကြိမ်မြောက် မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ကထိန်ရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆူးလေစေတီတော်မြတ်ကြီး၏ မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့ ရောက်ရှိပြီး စေတီတော် ဩဝါဒါစရိယ ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဩဝါဒါစရိယဆရာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရား နာယူ၍ ရေစက်သွန်းလောင်း အမျှပေးဝေကြကာ စေတီတော်ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်များအား ကထိန်ရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ကြသည်။

အလားတူသီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ မဟာဝိဇယစေတီတော်၊ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ် စေတီတော် (ရန်ကုန်)၊ မင်းဓမ္မကုန်းရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ တိလောကဥဿျောင်မုနိရာဇ အောင်မြေသဗ္ဗညုပုထိုးတော်ကြီး (ရန်ကုန်) ရွှေဘုန်းပွင့် စေတီတော်နှင့် ဆုတောင်းပြည့်မယ်လမု စေတီတော်၊ ကိုးထပ်ကြီးဘုရားတို့တွင်လည်း ယနေ့နံနက်ပိုင်းမှစတင်ပြီး စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး အသင်းအဖွဲ့များက တန်ဆောင်မုန်း လပြည့်နေ့ သာမညဖလအခါတော်နေ့ အခမ်းအနားများကို ကျင်းပကြကာ သာမညဖလ သုတ္တန်ဒေသနာတော်များကို ရွတ်ဖတ်မေတ္တာပို့ ဆုတောင်းကြသည်။

တန်ဆောင်မုန်း လပြည့် (သာမညဖလ အခါတော်နေ့)တွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ဘုရားစေတီများ၌ မသိုးရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ခြင်း၊ သာမညဖလအခါတော်နေ့ ပူဇော်ပွဲများ၊ ဗုဒ္ဓဒေသနာတော် ရွတ်ဆိုပူဇော်ပွဲများနှင့် ရပ်ကွက်အလိုက်၊ လမ်းအလိုက် စုပေါင်း၍ မဟာဘုံကထိန် အလှူပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ ထို့ပြင် ဘုရား၊ စေတီများတွင် အလှူရှင်များက ဘုရားဖူးလာပြည်သူများအား စတုဒိသာများ ကျွေးမွေးကြခြင်း၊ ရုံးများ၊ ပန်းခြံများ၊ ရပ်ကွက်၊ လမ်းနှင့် လူနေအိမ်များ၌ လျှပ်စစ်ရောင်စုံမီးအလှများ၊ ဆီမီးခွက်များ၊ ဖယောင်းတိုင်မီးများ ထွန်းညှိပူဇော်ခြင်းတို့ကို ဆောင်ရွက်ကြပြီး လမ်းအလိုက် နိဗ္ဗာန်ဈေးပွဲတော်များကို စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ ကိုကိုဇော်(MNA)**



ရွှေတိဂုံစေတီတော်မြတ်ကြီး၌ တန်ဆောင်မုန်းလပြည့်နေ့က ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်လျက်ရှိသည်ကို တွေ့ရစဉ်။



သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြသည်ကို တွေ့ရစဉ်။



ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်ကြသည်ကို တွေ့ရစဉ်။





# တန်ဆောင်မုန်းလပြည့်နေ့တွင် မန္တလေးမြို့လုံးအနှံ့ ကုသိုလ်ကောင်းမှုပြုကြသူများ၊ တန်ဆောင်တိုင် မီးထွန်းပွဲဆင်နွှဲကြသူများနှင့် အပန်းဖြေအနားယူကြသူများဖြင့် စည်ကား

**မန္တလေး နိုဝင်ဘာ ၄**

ယနေ့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများအတွက် နေ့ထူးနေ့မြတ် တန်ဆောင်မုန်းလပြည့်နေ့ (သာမညဖလအခါတော်နေ့) ဖြစ်သည်နှင့်အညီ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပြီး တန်ဆောင်တိုင်ပွဲတော်၊ မီးထွန်းပွဲတော်တို့ကို မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်း တစ်ရပ်အဖြစ် လက်ဆင့်ကမ်းထိန်းသိမ်း၍ ကျင်းပလျက်ရှိသည်။

### စည်ကားလျက်ရှိ

တန်ဆောင်မုန်းလပြည့် အခါသမယတွင် မန္တလေးမြို့ရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုကြသူများ၊ မီးထွန်းပွဲတော်များကျင်းပ၍ မြတ်စွာဘုရားရှင်အား ပူဇော်ကြသူများ၊ ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ကြသူများနှင့် အပန်းဖြေစခန်းများ၌ အပန်းဖြေကြသူများဖြင့် မြို့လုံးအနှံ့ စည်ကားများပြားလျက်ရှိသည်။

နံနက်အရုဏ်တက်ချိန်မှ စတင်၍ မန္တလေးမြို့ရှိဘုရား၊ ပုထိုးစေတီများ၊ ဓမ္မာရုံများ၌ မသိုးသင်္ကန်းဆက်ကပ်လှူဒါန်း ပူဇော်ပွဲများ၊ ဘုန်းတော်ကြီးကျောင်းများ၌ ဌာနဆိုင်ရာအသီးသီးတို့က ကထိန်သင်္ကန်းကပ်လှူ ကုသိုလ်ပြုခြင်းနှင့် ဆီမီးထွန်းညှိပူဇော်ပွဲများကို အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ မန္တလေးမြို့ခံများအပြင် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများက ကုသိုလ်ပြုပါဝင်ဆင်နွှဲကြပြီး အသင်းအဖွဲ့အလိုက်၊ မိသားစုအလိုက် ကထိန်ပွဲတော်များကို သက်ဆိုင်ရာကျောင်းများသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက် ခင်းကျင်း၍ ရေစက်ချလှူဒါန်းခြင်း၊ ကုသိုလ်ကောင်းမှုပြုခြင်း၊ စတုဒိသာကျွေးမွေးကုသိုလ်ပြုခြင်းများဖြင့် မန္တလေးမြို့တစ်ခွင် ခြိမ့်ခြိမ့်သဲ ကျင်းပလျက်ရှိသည်။



မန္တလေးမြို့၏ အထင်ကရ တန်ခိုးကြီး ဘုရားတစ်ဆူဖြစ်သည့် မဟာမုနိ ရုပ်ရှင်တော်မြတ်ကြီးတွင် ယနေ့နံနက်ပိုင်းက ဆရာတော်၊ သံဃာတော်များ အမှူးပြု၍ မျက်နှာသစ်တော် ဝတ်အဖွဲ့မှ မျက်နှာသစ်တော်မူပြီး မသိုးမြတ်သင်္ကန်းတော် ဆက်ကပ်လှူဒါန်းပူဇော်ကာ ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူ အပေါင်းတို့ကလည်း လာရောက်ဖူးမြော်ကြည်ညိုကြပြီး ဆွမ်း၊ ရေချမ်း၊ ပန်း ကပ်လှူပူဇော်ခြင်း၊ ဆီမီးပူဇော်ခြင်း၊ ရေသပ္ပာယ်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များ၊ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်းနှင့် တရားဘာဝနာ အားထုတ်ကြခြင်းများဖြင့် စည်ကားလျက်ရှိသည်။




အလားတူ မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရား၊ ကုသိုလ်တော်ဘုရား၊ ကျောက်တော်ကြီးဘုရား၊ အောင်တော်မူမြတ်စွာဘုရား၊ ရွှေကျီးမြင်ဘုရား၊ စွယ်တော်မြတ် စေတီတော် (မန္တလေး)၊ ဝေရောစနကျောက်စိမ်းစေတီတော်စသည့် တန်ခိုးကြီးဘုရားစေတီတော်တို့တွင်လည်း ရွှေသင်္ကန်းများ ဆက်ကပ်လှူဒါန်း၍ ဆီမီးပူဇော်ခြင်း၊ ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်ခြင်းတို့ ဆောင်ရွက်ကြသည့် အပြင် အလှူရှင်များက အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအား စတုဒိသာအာဟာရကျွေးမွေးကုသိုလ်ပြုကြခြင်းဖြင့် မြန်မာတို့၏ သဒ္ဓါတရားထက်သန်မှုစိတ်ရင်းများကို ပုံဖော်ခဲ့ကြသည်။

### ထွန်းညှိပူဇော်

ညပိုင်းတွင် ဘုရားစေတီများ၌ ဆီမီးပူဇော်ပွဲများ ကျင်းပခြင်း၊ မီးပုံးပျံများ လွှတ်တင်ခြင်း၊ နေအိမ်များ၌ မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဆီမီးနှင့် မီးရောင်စုံ ထွန်းညှိ ပူဇော်ခြင်းများဖြင့် မန္တလေးမြို့၏ တန်ဆောင်တိုင် လပြည့်နေ့ညအလှကို ပိုမိုပေါ်လွင်စေခဲ့ပြီး မဲဇလီဖူးသုပ် ဒါနပြုကြသူများ၊ ပံ့သကူလိုက်လံကောက်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် မန္တလေးမြို့၏ အထင်ကရနေရာများဖြစ်သော ကမ်းနားလမ်းရှိ မြို့တော်ဥယျာဉ်၊ ပုသိမ်ကြီးမြို့နယ်ရှိ အပန်းဖြေစခန်းများ၊ အမရပူရမြို့နယ်ရှိ တောင်သမန်အင်းနှင့် ဦးပိန်တံတားတို့တွင်လည်း ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# သထုံမြို့ သမိုင်းဝင်ရွှေစာရံစေတီတော်မြတ်ကြီး၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**သထုံ နိုဝင်ဘာ ၄**

မွန်ပြည်နယ် သထုံမြို့ သမိုင်းဝင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီးတွင် တန်ဆောင်မုန်းလပြည့်(သာမညဖလအခါတော်နေ့)၌ ကုသိုလ်ဒါနပြုသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိသည်။

### အထူးစည်ကား

စေတီတော်မြတ်ကြီးမှာ ရန်ကုန်-မော်လမြိုင် အဝေးပြေးလမ်းမကြီးနံဘေး၌ တည်ရှိသဖြင့် အလွယ်တကူ ဝင်ရောက်ဖူးမြော်နိုင်ရာ အများပြည်သူ ပိတ်ရက်ကာလ ကျိုက်ထီးရိုး၊ ကျိုက္ခမီ၊ စက်စဲ အစရှိသည့် အောက်မြန်မာပြည် ဘုရားဖူးအပန်းဖြေခရီးထွက်သူအများစုတို့ ခရီးတစ်ထောက်နား ဝင်ရောက်ဖူးမြော်လေ့ရှိပြီး မြို့၏အထင်ကရစေတီဖြစ်သည့်အလျောက် ဒေသခံအပေါင်းတို့က မိသားစုအလိုက် လာရောက်ဖူးမြော်ကုသိုလ်ပြုလေ့ရှိသောကြောင့် အထူးစည်ကားကြောင်း စေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရွှေစာရံစေတီတော်အပါအဝင် သထုံမြို့နယ်အတွင်းရှိ ဘုရားကျောင်းကန်အသီးသီးတို့၌ ဆွမ်းကြီးလောင်းပွဲများကျင်းပခြင်း၊ တရားသဘင်ဆင်ယင်ကျင်းပခြင်း၊ ဘုရားရှင်အားဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ ရွှေကြာသင်္ကန်းတော်များ ကပ်လှူပူဇော်ခြင်း၊ ဇီဝိတဒါန ငါးလွှတ်ခြင်း၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကုသိုလ်ပြုကြသူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၄

**ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီဥက္ကဋ္ဌ ဦးယန်ကျင်ကန်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် မြန်မာနိုင်ငံသူ၊ နိုင်ငံသား လုပ်သားပြည်သူတစ်ရပ်လုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ကြပါစေလို့ နှုတ်ခွန်းဆက်ဂါရဝပြုအပ်ပါတယ်။

ကျွန်တော်ကတော့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီရဲ့ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်များကို ကိုးကန့်တိုင်းရင်းသားထုတစ်ရပ်လုံးနဲ့ တိုင်းရင်းသားမိဘပြည်သူတစ်ရပ်လုံးသို့ ဖတ်ကြားတင်ပြသွားမယ့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီဥက္ကဋ္ဌ ယန်ကျင်ကန် ဖြစ်ပါတယ်။

**ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား -**

ကျွန်တော်တို့ရဲ့ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီကို ၁၉၈၉ ခုနှစ် မြန်မာ့နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုပြုခဲ့စဉ်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ သမိုင်းအစဉ်အလာကြီးမားခဲ့သည့် ကိုးကန့်အမျိုးသားခေါင်းဆောင်ကြီးများ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် စတင်ဖွဲ့စည်းပေါ်ပေါက် တည်ထောင်လာခဲ့ရတာ ဖြစ်ပါတယ်။

ထိုမှတစ်ဆင့် နိုင်ငံရေးလိုအပ်ချက်အရ ပါတီကို ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ အကြိမ်ကြိမ်ပြန်လည်မှတ်ပုံတင်ပြီး နိုင်ငံရေးခရီးကို လျှောက်လှမ်းလာခဲ့တာဖြစ်တဲ့အတွက် နိုင်ငံရေးဖြတ်သန်းမှု အတွေ့အကြုံများကိုလည်း အတော်အတန်ရရှိခဲ့ပြီးဖြစ်တဲ့ တိုင်းရင်းသားပါတီတစ်ရပ်ဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်မှာ ကျင်းပခဲ့တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲမှာ လားရှိုး၊ သိန္နီ၊ ကွမ်းလုံမြို့နယ်များတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှာ ကွမ်းလုံမြို့နယ် ပြည်သူ့လွှတ်တော်နဲ့ ပြည်နယ်လွှတ်တော်မှာ အနိုင်ရရှိခဲ့လို့ လွှတ်တော်နိုင်ငံရေး အတွေ့အကြုံများကိုလည်း အထိုက်အလျောက်ရရှိနေပြီးတဲ့ ပါတီဖြစ်ပါတယ်။

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီရဲ့ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်၊ ရပ်တည်ချက်၊ မျှော်မှန်းချက်များကို တင်ပြရမည်ဆိုလျှင်-

ကိုးကန့်တိုင်းရင်းသားများဟာ နယ်စပ်ဒေသတောင်ပေါ်နေတိုင်းရင်းသားများဖြစ်ကြပြီး ယခုအခါ မြန်မာနိုင်ငံအနှံ့ ပျံ့နှံ့ရောက်ရှိနေထိုင်ကြသော်လည်း အများစုမှာ ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးများမှာ နောက်ကျနိမ့်ပါးနေဆဲဖြစ်ပါတယ်။ ပြည်ထောင်စုတိုင်းရင်းသားများဖြစ်ကြပါသော်လည်း မိမိတို့ထမ်းရွက်ရမည့် နိုင်ငံ့တာဝန်နှင့် မိမိတို့ရရှိသင့်တဲ့ တိုင်းရင်းသားအခွင့်အရေးများကို မှန်ကန်စွာ သိမြင်နိုင်ရန် လိုအပ်နေဆဲဖြစ်ပါတယ်။

တခြားညီနောင်တိုင်းရင်းသားများနှင့်အတူ အေးအတူပူအမျှယှဉ်တွဲနေထိုင်သွားရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများမှာ အသိအမြင် မှန်ကန်ရေး၊ ရရှိသင့်သည့် တိုင်းရင်းသားအခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် နိုင်ငံရေးနည်းလမ်းများဖြင့် ဆောင်ရွက်စရာ လိုအပ်ချက်များစွာရှိနေသေးတဲ့ ကိုးကန့်တိုင်းရင်းသားများအတွက် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီပေါ်ပေါက်ရပ်တည်လာခဲ့ရတာ ဖြစ်ပါတယ်။

ကိုးကန့်တိုင်းရင်းသားများဟာပြည်ထောင်စုဖွား ညီနောင်တိုင်းရင်းသားတစ်ရပ်လုံးနဲ့ အတူယှဉ်တွဲနေထိုင်ကြတဲ့အတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အစရှိတဲ့ လူမှုဘဝများကို မြှင့်တင်နိုင်မှသာလျှင် နိုင်ငံတော်ကို စီမံအုပ်ချုပ်နေတဲ့ နိုင်ငံတော်အစိုးရက မျှော်မှန်းဖော်ဆောင်နေတဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် နိုင်ငံတော်ကို ချီတက်လျှောက်လှမ်းရာမှာ ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်မနေစေဘဲ အခြားညီနောင်တိုင်းရင်းသား ပြည်သူများနဲ့ အတူ လက်ရည်တစ်ပြင်တည်း အတူယှဉ်တွဲရပ်တည်လျှောက်လှမ်းပြီး နိုင်ငံအတွက် တန်ဖိုးရှိတဲ့နိုင်ငံသားအဖြစ် ရပ်တည်သွားနိုင်မှာ ဖြစ်ပါတယ်။

အထူးသဖြင့် ပြောင်းလဲလာတဲ့ မြန်မာ့နိုင်ငံရေး အခင်းအကျင်းမှာ စစ်မှန်တဲ့ ပြည်ထောင်စုစိတ်ဓာတ်၊ တည့်မတ်မှန်ကန်သည့် ပြည်ထောင်စုဖွားတိုင်းရင်းသားအမြင်နဲ့ အတွေးအခေါ်အယူအဆများရှိကြရမှာ ဖြစ်ပါတယ်။

ထို့အတူ အချုပ်အခြာအာဏာပိုင်နိုင်ငံရဲ့ ဝိသေသဖြစ်တဲ့ နိုင်ငံတော်မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအပြင် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအတွက် သာယာဝပြောပြီး လူမှုဘဝဖူလုံတဲ့ လူ့ဘောင်သစ်တစ်ရပ်ပေါ်ထွန်းဖို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနဲ့အတူ ထမ်းရွက်နိုင်ဖို့ ပါတီရဲ့ မူဝါဒလမ်းစဉ်၊ သဘောထားများကို လက်ခံယုံကြည်တဲ့ ကိုးကန့်တိုင်းရင်းသားထု တစ်ရပ်လုံးကို ကိုယ်စားပြုပြီး သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် ထမ်းရွက်နိုင်ဖို့ရပ်တည်နေပါကြောင်း အလေးအနက်ခံယူထားပါတယ်။

ထို့အတူ နိုင်ငံရေးကိုလည်း အဂတိတရားကင်းစွာ ရပ်တည်လျှောက်လှမ်းနိုင်ရေး အခြေခံအကြောင်းတရားများအပေါ် ခိုင်မာစွာ ရပ်တည်လျှောက်လှမ်းသွားရေးများသည်လည်း ပါတီရဲ့ မျှော်မှန်းချက်များဖြစ်ပါတယ်။


အထက်တင်ပြချက်များသည် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီရဲ့ မူဝါဒ၊ သဘောထားလုပ်ငန်းစဉ်များနှင့် မျှော်မှန်းချက်များဖြစ်ကြောင်း ရိုးသားစွာတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

ပြည်ထောင်စုဖွား ကိုးကန့်တိုင်းရင်းသားများအားလုံးနဲ့ တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှလုံး ငြိမ်းအေးကြပါစေ။

## လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်

နေပြည်တော် နိုဝင်ဘာ ၄

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၊ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းဒေသများတွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ အထက်ပင့်တက်လေ အားကောင်းရာမှ ဒေါင်လိုက်တိမ်ဖြစ်ထွန်းမှု အားကောင်းသည့်အတွက် မိုးတိမ်တောင်များဖြစ်ပေါ်ခြင်းကြောင့်လည်းကောင်း နိုဝင်ဘာ ၅ ရက်မှ ၆ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်နိုင်သည်။




မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများ အနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## အားကောင်းသော လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၄

ယနေ့ မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်း၊ မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းဒေသများတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။

အဆိုပါ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၅ ရက်တွင် ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းမြောက်ပိုင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းဒေသများသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**

# ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော်　နိုဝင်ဘာ　၄

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ အတွင်းရေးမှူး(၂) နော်သဇင်တုပ်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် စောမင်းမင်းမြိုင်တို့က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-



မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်၊ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ရှေးဦးစွာ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်ရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် အခြေစိုက် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီဗဟို၏ အတွင်းရေးမှူး(၂) နော်သဇင်တုပ် ဖြစ်ပါတယ်ရှင်။ ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၏ သဘောထား၊ မူဝါဒနှင့် ရှေ့ဆက်လုပ်ငန်းစဉ်များကို ဖတ်ကြားပါ့မယ်ရှင်-

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီသည် ကရင်ပြည်နယ်အတွင်း နေထိုင်ကြသည့် မြန်မာနိုင်ငံသား တိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြသော ပြည်သူများအားလုံးနှင့်အတူ ပူးပေါင်းလက်တွဲကာ ကရင်ပြည်နယ် အေးချမ်းသာယာဖွံ့ဖြိုးမှုမှတစ်ဆင့် အနာဂတ် မြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ရန်အတွက် ရည်ရွယ်ပါသည်။

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီသည် ကရင်ပြည်နယ်အတွင်း အတူတကွ ယှဉ်တွဲနေထိုင်ကြသော ကရင်တိုင်းရင်းသားများ၊ အခြားသော တိုင်းရင်းသားများနှင့် မျိုးနွယ်စုများအားလုံးကို ကိုယ်စားပြုသည့် နိုင်ငံရေးပါတီ ဖြစ်ပါသည်။

ထို့ကြောင့် ကရင်ပြည်နယ်အတွင်း နေထိုင်ကြသော ကရင်တိုင်းရင်းသားများ၊ အခြားသော တိုင်းရင်းသားများနှင့် မျိုးနွယ်စုများအားလုံး လက်ရှိကြုံတွေ့နေရသည့် လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးစိန်ခေါ်မှုများ အခက်အခဲများအားလုံးကို လက်တွဲကာ ပူးပေါင်းအဖြေရှာနိုင်ရန်အတွက် ရည်ရွယ်၍ ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရခြင်း ဖြစ်ပါသည်။

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၏ နိုင်ငံရေးမူဝါဒ(၅)ချက်ကို ဖတ်ကြားပါ့မယ်ရှင်-

၁။ တိုင်းရင်းသား (၈)မျိုးနှင့် မျိုးနွယ်စုများအကြား တန်းတူညီမျှမှုကို အခြေခံ၍ အတူယှဉ်တွဲနေထိုင်နိုင်သည့် နိုင်ငံတော်အား တည်ဆောက်သွားရန်၊

၂။ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပါတီတစ်ခုခု၏ သြဇာကိုမျှမခံယူဘဲ လွတ်လပ်စွာဖြင့် အများဆန္ဒနှင့်အညီ ဒီမိုကရေစီကျကျ ရပ်တည်သွားရန်၊

၃။ ဦးတည်ချက်နှင့် ရည်မှန်းချက်တူညီသော နိုင်ငံရေးပါတီများနှင့် မဟာမိတ်ဖွဲ့ပြီး နိုင်ငံတော်ဖွံ့ဖြိုးရေး၊ အေးချမ်းသာယာရေးဆိုင်ရာ ကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်သွားရန်၊

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများ လုပ်ဆောင်သွားရန်၊

၅။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေအရပ်ရပ်ကို သုံးသပ်ကာ လိုက်လျောညီထွေဖြစ်စေမည့် ဘက်မလိုက်သည့် အလယ်အလတ်လမ်းစဉ်ကို ကျင့်သုံးသွားရန်တို့ ဖြစ်ပါသည်။

ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ၏ ရှေ့လုပ်ငန်းစဉ်များကို ဖတ်ကြားပါ့မယ်-

- ကရင်ပြည်နယ်အတွင်း နေထိုင်ကြသော ကရင်တိုင်းရင်းသားများနှင့် အခြားသော တိုင်းရင်းသားမျိုးနွယ်စုလူငယ်များ၏ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ရေတို၊ ရေလတ်၊ ရေရှည် မူဝါဒများကို ရေးဆွဲချမှတ်ကာ အကောင်အထည်ဖော်ဆောင်သွားရန်၊
- ရွှေ့ပြောင်းလုပ်သားများ ရင်ဆိုင်နေရသော အခက်အခဲများနှင့်ပြဿနာများကို ဖြေရှင်းပေးနိုင်သည့် မူဝါဒများကို ပြည်ထောင်စုအစိုးရနှင့်အတူ ရေးဆွဲချမှတ်ကာ အကောင်အထည်ဖော်ဆောင်သွားရန်၊
- စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာကဏ္ဍများ တိုးတက်စေရေးအတွက် နည်းပညာနှင့် အရင်းအနှီးဆိုင်ရာ မူဝါဒများကို ပြည်ထောင်စုအစိုးရနှင့် ပူးပေါင်းရေးဆွဲကာ အကောင်အထည်ဖော်ဆောင်သွားရန်၊
- သဘာဝဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေသော အသက်မွေးဝမ်းကျောင်းဆိုင်ရာ လုပ်ငန်းများအတွက် မူဝါဒများကို ပြည်ထောင်စုအစိုးရနှင့် ညှိနှိုင်းရေးဆွဲကာ အကောင်အထည်ဖော်ဆောင်သွားရန်၊ ကရင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များအား သက်ဆိုင်ရာ လူပုဂ္ဂိုလ်များ/အဖွဲ့အစည်းများ(Stakeholder)နှင့် ညှိနှိုင်းပေါင်းစပ်ကာ မူဝါဒရေးဆွဲ အကောင်အထည်ဖော်ဆောင်သွားရန်၊
- ဥပဒေအရ အပြစ်ကျခံနေရသော အကျဉ်းသားများအားလုံးသည် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများနှင့်အညီ အကျဉ်းထောင်တွင်နေထိုင်ခွင့် ရရှိနိုင်ရန်နှင့် တရားမျှတစွာဖြင့် ထိုက်သင့်သော လွတ်ငြိမ်းချမ်းသာခွင့် ရရှိစေနိုင်ရန်အတွက် ကောင်းမွန်သော မူဝါဒများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်အတူ ရေးဆွဲချမှတ် အကောင်အထည်ဖော်ဆောင်သွားရန်၊
- ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံသားတိုင်း၏ အခွင့်အရေးအား ဖွံ့ဖြိုးတိုးတက်စေမည့် စံနှုန်းများကို အခြေခံပြီး အကောင်အထည်ဖော်ဆောင်သွားရန်၊
- နိုင်ငံတကာ သဘောတူညီချက်စာချုပ်ပါ အမျိုးသမီးများနှင့် ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ ကတိကဝတ်များကို တိုင်းရင်းသားရေးရာဝန်ကြီးဌာနနှင့်အတူ လက်တွဲကာ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊
- လက်နက်ကိုင်ပဋိပက္ခကြောင့် နေရပ်စွန့်ခွာပြည်သူများ၏ လိုအပ်ချက်များနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာ အစီအစဉ်များကိုလည်း ပြည်ထောင်စုအစိုးရနှင့် အတူလက်တွဲကာ ဦးစားပေးဆောင်ရွက်သွားရန်၊
- တိုင်းရင်းသားများ၏ ဓလေ့ထုံးတမ်း မြေယာဆိုင်ရာ စီမံခန့်ခွဲမှုများကို အသိအမှတ်ပြုစေသော ဥပဒေများ/ မူဝါဒများကို ရေးဆွဲကာ အကောင်အထည်ဖော်ဆောင်သွားရန်၊
- လူသားအသိဉာဏ်၊ လူ့စွမ်းအင်အရင်းအမြစ်များကို အခြေခံသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ထွန်းလာစေရေးအတွက် လုပ်ဆောင်သွားရန်တို့ ဖြစ်ပါသည်။



ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီသည် ကရင်ပြည်သူများ၏ လိုလားတောင့်တချက်အရ ကရင်ပြည်သူများအားလုံး အကျိုးစီးပွားကို ဖြည့်ဆည်းပေးရန်ရည်ရွယ်၍ ၂၀၁၇ ခုနှစ်မတိုင်မီကတည်းက တည်ထောင်ထားသော ကရင်ပြည်နယ်အခြေစိုက် ကရင်ပါတီ (၄)ပါတီကို ပြန်လည်ပူးပေါင်းပေးရာမှ ဖြစ်ပေါ်လာသော နိုင်ငံရေးပါတီတစ်ခုဖြစ်ပါသည်။

ကရင်ပြည်နယ်အတွင်း နေထိုင်ကြသော မြန်မာနိုင်ငံသားများအားလုံး၏ ပိုမိုကောင်းမွန်သော အနာဂတ်ကို ပိုင်ဆိုင်နိုင်ရန်အတွက် ကြိုးပမ်းကာ အကောင်အထည်ဖော်ဆောင်သွားမည်ဟု ကတိပြုပါသည်။

- ပဋိပက္ခများ ချုပ်ငြိမ်းဖို့ KNDP ကို မဲပေးစို့။
- တန်းတူညီမျှ ဖွံ့ဖြိုးဖို့ KNDP ကို မဲပေးစို့။
- ကျွဲချိုဖားစည်နေဝန်းနီ ပြည်သူ့ဘဝ မြှင့်တင်မည်။

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ(KNDP)၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် စောမင်းမင်းမြိုင်၏ ပိုးကရင်ဘာသာစကားဖြင့် ဟောပြောချက်(မြန်မာဘာသာပြန်)**

ချစ်ခင်လေးစားရပါသော လူကြီးမင်းများနှင့် သွေးချင်းညီအစ်ကိုမောင်နှမများအားလုံး ကျက်သရေတိုးပြီး ပြီးပြည့်စုံ၍ အေးချမ်းရွှင်သာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ကျွန်တော်ကတော့ ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ(KNDP)၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် စောမင်းမင်းမြိုင် ဖြစ်ပါတယ်။ ၂၀၂၅ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကရင်ပြည်နယ်လွှတ်တော်၌ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံမည်ဖြစ်ပါသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ဒီမိုကရေစီ၏ အသက်သွေးကြော ဖြစ်ပါသည်။ နိုင်ငံတော်ကြီးနှင့် ပြည်နယ်ခေတ်မီတိုးတက်ရန်အတွက် အားလုံးမှ ပံ့ပိုးကူညီကြရမည်ဖြစ်ပါသည်။

ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ KAREN NATIONAL DEMOCRATIC PARTY(KNDP)သည် ကရင်ပါတီလေးပါတီ ပူးပေါင်းပြီး တစ်ပါတီအဖြစ် တည်ထောင်လာခဲ့သည်မှာ ၂၀၁၇ ခုနှစ်ကတည်းက ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းသူပြည်သားများအတွက်ဖြစ်စေ၊ ကရင်တိုင်းရင်းသားများအတွက်ဖြစ်စေ ကြိုးစားလုပ်ဆောင်ကြရမည်။

ကရင်စာပေယဉ်ကျေးမှုနှင့် ရိုးရာယဉ်ကျေးမှုများ၊ ကရင်လူမျိုးတို့၏ မူလရပိုင်ခွင့်နှင့် ရှေးလူကြီးများ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားသည့် အမျိုးသားအမွေအနှစ်များ တည်တံ့ခိုင်မြဲအောင် ကြိုးစားဆောင်ရွက်သွားပါမည်။ ကရင်လူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့၊ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲနှင့် ကရင်အမျိုးသားနေ့ စသည့်နေ့ထူးနေ့မြတ်များကို ဖော်ထုတ်ထိန်းသိမ်းသွားပါမည်။

ရောင်ခြည်ကိုးသွယ်နှင့် ဖားစည်ကျွဲချို အမှတ်တံဆိပ်သည် KNDP ၏ အမှတ်တံဆိပ်ဖြစ်ပါသည်။ သေချာစွာမှတ်သားထားကြပါ။ ကရင်လူမျိုးကိုချစ်ပြီး KNDP ပါတီကို မြတ်နိုးတန်ဖိုးထားမည်ဆိုပါက ဂုဏ်ယူဝမ်းမြောက်မိပြီး ကျေးဇူးအထူးတင်ရှိပါသည်။ ၂၀၂၅ ခုနှစ် ရွေးကောက်ပွဲတွင် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ KNDP ပါတီသည် တိုင်းရင်းသားပြည်သူများနှင့် ကရင်လူမျိုးတို့၏ အားပေးကူညီမှုကို အထူးလိုအပ်ပါသည်။ ချစ်ခင်လေးစားရပါသော မဲဆန္ဒရှင်များ သေချာစဉ်းစား၍ မြင်အောင်ကြည့်ပြီး ယုံကြည်စိတ်ချစွာဖြင့် ကျွန်ုပ်တို့၏ KNDP ပါတီကို မဲပေးကြပါစို့......။ အားလုံးကျန်းမာပါစေ။ အရာအားလုံးကို အောင်နိုင်ပါစေ......

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ(KNDP)၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် စောမင်းမင်းမြိုင်၏ စကောကရင်ဘာသာစကားဖြင့် ဟောပြောချက်(မြန်မာဘာသာပြန်)**

အေးချမ်းသာယာပြီး ကျက်သရေအပေါင်းနှင့် ပြည့်စုံပါစေ။

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးသည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အရေးကြီးလှပါသည်။ ပြည်သူတို့၏ သဘောထားကို ထင်ဟပ်ပေါ်လွင်စေမည်ဖြစ်သကဲ့သို့ နိုင်ငံမှ ဆောင်ရွက်ရမည်များကိုလည်း သိရှိစေမည်ဖြစ်ပါသည်။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို အလေးထားပြီး တလေးတစား ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အမှားအယွင်းမဖြစ်စေဘဲ မှန်မှန်ကန်ကန် မဲပေးကြရမည်။ အသည်းကြားက မဲတစ်ပြား၏ တန်ဖိုးကိုသိ၍ တန်ဖိုးရှိစွာ အသုံးချကြရမည်။ ကျွဲချို၊ ဖားစည်၊ နေဝန်းနီ အမှတ်တံဆိပ်နှင့် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ KNDP ကို မဲပေးကြပါ။ ကရင်ပြည်နယ်အတွက်၊ ကရင်ပြည်နယ်သူ ပြည်နယ်သားများအတွက် သင်၏ ဆန္ဒမဲတစ်ပြား အလဟဿမဖြစ်ရအောင် ကျွန်ုပ်တို့၏ KNDP ကို မဲပေးကြပါ။

ကျေးဇူးပြု၍ ထပ်မံ၍ ပြောပါမည်။ ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ KNDP ကို မဲပေးကြပါစို့......။

အားလုံးကျန်းမာကြပါစေ။ အရာအားလုံးအောင်နိုင်ကြပါစေ။

**ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ ပေးပို့သောသီချင်း (၄)ပိုင်း စာသား**

အပိုင်း(၁)

(KNDP)J [ဟေ့ ဟေ့ ဟေ့ ဟေ့ ]၄ ဖားစည်၊ ကျွဲချို သံချိုချိုနဲ့၊ ရှေ့ဘက်ရောင်နီထွက်လာပြီ.............

ငြိမ်းချမ်းရေးနိမိတ်၊ ငြိမ်းချမ်းခြင်းနိမိတ် မျှော်လင့်ချက်ရောင်ခြည်...

ကရင်အမျိုးသားများ အားထားရာသည်၊ ဒီမိုကရက်တစ်ပါတီ...

အပိုင်း(၂)

(သွားမယ်၊ သွားမယ်၊ ဒို့မဲသွားပေးမယ် တို့ကရင် KNDP၊ တို့ရဲ့ အမျိုးသားကို ကိုယ်စားပြုတဲ့ ယုံကြည်ရမယ့် ဖားစည် ကျွဲချို KNDP)J ဒို့တွေဘဝ နောက်မကျရအောင် ညီအစ်ကို မောင်နှမတွေရေ ဒါကြောင့် မဲထည့်မယ် တို့ကရင်ပါတီ၊ ဝေး…KNDP ...

အပိုင်း(၃)

ဒို့တွေဘဝ နောက်မကျရအောင် ညီအစ်ကိုမောင်နှမတွေရေ

(ဒါကြောင့်မို့မဲထည့်မယ် တို့ကရင်ပါတီ ၊ ဝေး. .KNDP ..) ၃

အပိုင်း(၄)

တို့ညီရင်းအစ်ကို(ပိုး နဲ့ စကော) တို့ရေ၊ ရွေးကောက်ပွဲမှာ တို့ဆန္ဒရှိတဲ့အတိုင်း တို့တစ်တွေ မဲပေးကြမယ်နော်၊

ကျွဲချိုနဲ့ ဖားစည်ကိုတွေ့ရင် KNDP ပဲနော်၊ တို့ကရင်ပါတီကို တို့တစ်တွေ မဲပေးကြမယ်.. တို့ညီရင်းအစ်ကိုတွေ၊ နင်ရယ် ငါရယ်ဆိုပြီး စိတ်ဝမ်းမကွဲကြနဲ့နော်၊ KNDP ကရင်ပါတီ ကရင်အမျိုးအတွက်ပါနော်၊ အမျိုးကို ချစ်စိတ်နဲ့ KNDP ကရင်ပါတီကို မဲပေးကြစို့နော်...

# တနင်္သာရီတိုင်းဒေသကြီး (၁၁၃)ကြိမ်မြောက် တန်ဆောင်တိုင် နှစ်ကျိုပ်ရှစ်ဆူဘုရား ဒေသစာရီလှည့်လည်ပူဇော်ပွဲ ဖွင့်ပွဲကျင်းပ

**ထားဝယ် နိုဝင်ဘာ ၄**

ထားဝယ်မြို့ ဘုရားကြီးဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ရပ်ကွက်ကျေးရွာပေါင်းစုံ ပါဝင်သော (၁၁၃)ကြိမ်မြောက်တန်ဆောင်တိုင် နှစ်ကျိုပ်ရှစ်ဆူဘုရား ဒေသစာရီလှည့်လည်ပူဇော်ပွဲဖွင့်ပွဲကို ယမန်နေ့ညနေ ၅ နာရီခွဲက ထားဝယ်မြို့ လောကမာရဇိန်ဘုရားကြီးအရှေ့မုခ်ဦး၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမြတ်ကို၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး၊ ဘုရားကြီးဂေါပကအဖွဲ့နာယကတို့က (၁၁၃)ကြိမ်မြောက် တန်ဆောင်တိုင် နှစ်ကျိုပ်ရှစ်ဆူဘုရား ဒေသစာရီလှည့်လည်ပူဇော်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်သူများက နှစ်ကျိုပ်ရှစ်ဆူဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

(၁၁၃)ကြိမ်မြောက်တန်ဆောင်တိုင် နှစ်ကျိုပ်ရှစ်ဆူဘုရား ဒေသစာရီလှည့်လည်ပူဇော်ပွဲကို ရပ်ကွက်/ကျေးရွာများမှ ဥပသကာများလိုက်ပါ၍ လှည့်လည်ပူဇော်ခံသောလမ်းတစ်လျှောက် စတုဒိသာကျွေးမွေးကြသူများ၊ ဆွမ်းကပ်ကြသူများ၊ ငွေပဒေသာပင်လှူဒါန်းကြသူများ၊ ဘုရားဖူးသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့အတူ တန်ဆောင်တိုင်ပွဲတော်နှစ်ကျိုပ်ရှစ်ဆူလှည့်လည်ပူဇော်ပွဲကြီးသည် ဒေသတွင်း အထင်ရှားဆုံးပွဲတော်တစ်ခုဖြစ်သောကြောင့် ထားဝယ်ဒေသခံများ နှစ်စဉ်ပါဝင်ဆင်နွှဲလေ့ရှိသည့် ပွဲတော်တစ်ခုဖြစ်ပြီး ယင်းပွဲတော်ကို ကောဇာသက္ကရာဇ် ၁၂၇၁ ခုနှစ်မှစ၍ ကျင်းပလာခဲ့ရာ ယခုနှစ်ဆိုလျှင် နှစ်ပေါင်း (၁၁၃)နှစ်တိုင်တိုင်ဖြစ်ကာ ရဟန်းရှင်လူပြည်သူများ ပူဇော်နိုင်ရန် နိုဝင်ဘာ ၄ ရက်အထိ ယာယီစံကျောင်းတော်ဖြင့် ထားရှိပေးထားမည်ဖြစ်သည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ကမ်းနားလမ်းတွင်လည်း တန်ဆောင်တိုင် မီးပုံးပျံအလှဆင်ပြိုင်ပွဲ၊ ဈေးရောင်းပွဲတော်၊ စတိတ်ရှိုး၊ ဖျော်ဖြေရေးအစီအစဉ်များ ကျင်းပလျက်ရှိရာ ဒေသခံပြည်သူများ၊ ဘုရားဖူးလာပြည်သူများနှင့် ပါဝင်ဆင်နွှဲသူများဖြင့် ကြက်ပျံမကျစည်ကားလျက်ရှိသည်။

ထားဝယ်လူမျိုးအချင်းချင်း ပူးပေါင်းချစ်ကြည်မှုရရှိစေရန်၊ အသင်းအဖွဲ့များစုဖွဲ့၍ စုပေါင်းအင်အားဖြင့် စည်းလုံးညီညွတ်မှုကိုပြသနိုင်စေရန် ရည်ရွယ်၍ ပထမအကြိမ် ထားဝယ်မြို့သူ မြို့သားများက မီးပုံးပျံအလှဆင်လွှတ်တင်ပူဇော်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ဌာနဆိုင်ရာများနှင့် ရပ်နီးရပ်ဝေးမှပြည်သူများက တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။

ထိုသို့ လာရောက်ကြည့်ရှုသူများကို စတိတ်ရှိုး၊ ဇာတ်သဘင်ဖျော်ဖြေရေးအစီအစဉ်များဖြင့် သီဆိုဧည့်ခံဖျော်ဖြေကြပြီး ဈေးဆိုင်များတွင်လည်း ဈေးနှုန်းချိုသာစွာ ရောင်းချပေးနေသောကြောင့် လာရောက်ကြည့်ရှု ဝယ်ယူစားသောက်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာစေတီတော်၌ မသိုးသင်္ကန်းရက်လုပ်ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၄**

တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပွဲကို ယမန်နေ့ညနေ ၅ နာရီက တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာစေတီတော်ရင်ပြင်၌ ကျင်းပသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

မသိုးသင်္ကန်းရက်လုပ်လှူဒါန်းပွဲကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်ဇနီး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးတို့က ရှမ်းစာပေယဉ်ကျေးမှုအဖွဲ့မှ ကိန္နရီ၊ ကိန္နရာ၊ တိုးနယားအကအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများသည် ဓမ္မမိန္ဒာစင်တော်၊ ဂေါတမီစင်တော်၊ သုဇာတာစင်တော်၊ သာမာဝတီစင်တော်၊ ဥပ္ပလဝဏ်စင်တော်တို့တွင် အင်းလေးဒေသနှင့် ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်းမှ ကျောင်းသူလေးများက မသိုးသင်္ကန်းရက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့နံနက် ၄ နာရီတွင် တောင်ကြီးမြို့ စူဠာမုနိလောကချမ်းသာစေတီတော် ဗုဒ္ဓရုပ်ပွားတော်မြတ်အား မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်၍ စူဠာမုနိဘုရားအား လက်ယာရစ်လှည့်လည်ပူဇော်ပြီး စေတီအတွင်းရှိ ရုပ်ပွားတော်လေးဆူအား မသိုးသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော ဧည့်ပရိသတ်တို့က နိုင်ငံတော်ဩဝါဒါစရိယ တောင်ကြီးမြို့ ကံသာရပ်ကွက် စွန်းလွန်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များ ပွားများအပ်သော မေတ္တာသုတ်ပရိတ်တရားတော်မြတ်ကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ သိမ်တောင်ပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တတေဇဝန္တထံမှ လှူဒါန်းမှုအစုစုအတွက် အနုမောဒနာတရား နာယူကြည်ညို၍ ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပြီး ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ကြသည်။



**မောင်မောင်သန်း(တောင်ကြီး)**

# တောင်ကြီးတန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲများ ရက်တိုးမြှင့်ဆက်လက်ယှဉ်ပြိုင်မည်



**တောင်ကြီး နိုဝင်ဘာ ၄**

ရှမ်းပြည်နယ်၏ အထင်ကရပွဲတော်တစ်ခုဖြစ်သည့် တောင်ကြီးတန်ဆောင်တိုင် ပွဲတော်ကို အောက်တိုဘာ ၂၉ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း ပြည်သူများအား အသိပေးကြေညာထားခဲ့ပြီး လက်ရှိမိုးလေဝသ အခြေအနေများအရ ညမီးကြီး၊ စိန်နားပန်မီးပုံးပျံများအား ပြိုင်ပွဲရက်များတွင် သတ်မှတ်မီးပုံးပျံအရေအတွက်အတိုင်း လွှတ်တင်နိုင်ခဲ့ခြင်းမရှိသဖြင့် ပြိုင်ပွဲကို နိုဝင်ဘာ ၇ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တောင်ကြီး တန်ဆောင်တိုင်ပွဲတော် ပြိုင်ပွဲဝင် မီးပုံးပျံပညာရှင်များ၏ ဝါသနာ၊ စေတနာ၊ ငွေကြေးနှင့်အချိန်ယူပြီး ကြိုးစားအားထုတ်ပါဝင်ယှဉ်ပြိုင်မှုများကို လေးစားအသိအမှတ် ပြုသောအားဖြင့်လည်းကောင်း၊ မီးပုံးပျံပညာရှင်များ ကြိုးစားအားထုတ် တီထွင်ဖန်တီးထားသည့် ညမီးကြီးနှင့်စိန်နားပန်မီးပုံးပျံ လက်ရာများကို ပရိသတ်ပြည်သူများ ဆက်လက်ကြည့်ရှု အားပေးနိုင်ရန်အတွက်လည်းကောင်း မီးပုံးပျံပြိုင်ပွဲကို နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အထိ ဆက်လက် ကျင်းပသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၈ ရက် ညနေပိုင်းတွင် ပြိုင်ပွဲဝင်မီးပုံးပျံများအား ဆုချီးမြှင့်ခြင်း၊ တန်ဆောင်တိုင်ပွဲတော်ဂုဏ်ပြုစိန်နားပန်မီးပုံးပျံ၊ ညမီးကြီးမီးပုံးပျံများ လွှတ်တင်ခြင်း၊ မီးရှူးမီးပန်းအလှများ လွှတ်တင်ခြင်းများဖြင့် တန်ဆောင်တိုင်ပွဲတော်ပိတ်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီမှ သိရသည်။

အဆိုပါ ရက်တိုးမြှင့်ထားသည့် တောင်ကြီး တန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲနှင့်အတူ နိုဝင်ဘာ ၅ ရက်နှင့် ၆ ရက်တို့တွင် ခေတ်ပေါ်တေးဂီတ၊ မြူးကြွသည့်တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း မီးပုံးပျံပွဲတော်ပရိသတ်များသိရှိနိုင်ရန် အသိပေးကြေညာထားကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မုံရွာမြို့ မြို့ရာပြည့်စေတီတော်ကြီး၌ မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်း စတုတ္ထအကြိမ် သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



**မုံရွာ နိုဝင်ဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မုံရွာမြို့ မြို့ရာပြည့်စေတီတော်ကြီးရှိဗုဒ္ဓရုပ်ပွားတော် လေးဆူအား မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့ နံနက်ပိုင်းတွင် မုံရွာမြို့ မြို့ရာပြည့်စေတီတော်ကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် ဂေါပကအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ဗုဒ္ဓရုပ်ပွားတော်မြတ် လေးဆူအား မသိုးရွှေကြာသင်္ကန်းများ ဝတ်ရုံသပ္ပာယ်တော်မူကြပြီး ပင့်သံဃာ ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရာပြည့်ကပ်ကျော် စေတီတော်ကြီးအားဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းနှင့် အန္တရာယ်ကင်းပရိတ်တရားတော် ရွတ်ပွားသရဇ္ဈာယ်ခြင်းနှင့် သံဃာတော်အပါး ၁၀၀၀ အား ဆွမ်းဆန်စိမ်းလောင်းလှူခြင်းတို့ ကျင်းပရာ မုံရွာမြို့ လယ်တီရပ်ကွက် လယ်တီကျောင်းတိုက်ကြီး၏ တိုက်အုပ်နာယက နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ပင့်သံဃာ ဆရာတော် သံဃာတော်များက မြို့ရာပြည့်စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ကြပြီး ရတနသုတ်၊ မေတ္တာသုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် ပင့်သံဃာဆရာတော် သံဃာတော်များထံ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်ကြီး၏ ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရား နာယူကြည်ညို၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော (စတုတ္ထအကြိမ်) သံဃာတော်အပါး ၁၀၀၀ ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပွဲကို မြို့ရာပြည့်စေတီတော်မြတ်ကြီး အရှေ့ဘက် ကန်သာယာ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ အလှူရှင်များနှင့် မုံရွာမြို့ပေါ်ရှိ တက္ကသိုလ်/ဒီဂရီကောလိပ်များ၊ ကိုယ်ပိုင်ဆေးရုံ/ကျောင်းများ၊ MSME လုပ်ငန်းရှင်များနှင့် ဆန်/ဆီကုန်သည်ကြီးများ အသင်းများက သံဃာတော်အပါး ၁၀၀၀ နှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လောင်းလှူကြသည်။

ညနေပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အရှေ့ဘက်ကန်သာယာကန်ရှိ ပြည်ထောင်စုရင်ပြင်၌ ကျင်းပသည့် တန်ဆောင်တိုင်ပွဲတော်သို့ ရောက်ရှိပြီး တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသည့် မုံရွာမြို့ပေါ်မှ ဌာနဆိုင်ရာဝန်ထမ်းများ၊ တက္ကသိုလ်/ ဒီဂရီကောလိပ်များမှ ကျောင်းသား ကျောင်းသူများနှင့် မြို့ပေါ်ရှိ ရပ်ကွက်နေပြည်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ ဝန်ကြီးဌာနများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် မုံရွာမြို့ပေါ်ရှိ ပုဂ္ဂလိကဆေးရုံ/ကျောင်းများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ ဆန်/ ဆီကုန်သည်ကြီးများ အသင်းများနှင့် MSME လုပ်ငန်းရှင်များက စတုဒိသာမဏ္ဍပ် ၂၂ ခုဖြင့် ဧည့်ခံကျွေးမွေးနေမှုများကို လိုက်လံကြည့်ရှု၍ တန်ဆောင်တိုင်ပွဲတော်သို့ လာရောက်ကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။ ပွဲတော်တွင် မီးပုံးပျံအလုံး ၁၅၀၀ ကျော်ကို တပျော်တပါး လွှတ်တင်ကာ မီးရှူးမီးပန်းများ ပစ်ဖောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ သံဃာတော်အပါး ၅၀၀ စုပေါင်းဆွမ်းတော်ကြီးလောင်းလှူ



**စစ်တွေ နိုဝင်ဘာ ၄**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ တန်ဆောင်မုန်းလပြည့်နေ့ သံဃာတော်အပါး ၅၀၀ နှင့်သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းတော်ကြီးလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီး၌ ကျင်းပသည်။

အခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့်ဇနီးများ၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများနှင့်ဇနီးများ၊ ပြည်နယ်/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် စေတနာရှင်အလှူရှင်များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီးတို့က စစ်တွေမြို့ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးများက ဦးဆောင်ကာ ကြွရောက်တော်မူကြသော ထေရ်ကြီး ဝါကြီးဆရာတော်ကြီးများနှင့် သံဃာတော်များအား ဆွမ်းတော်ကြီးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လောင်းလှူကြသည်။

ဆက်လက်၍ ကျောင်းတိုက်အသီးသီးမှ ရဟန်းသံဃာများနှင့် သာမဏေများ၊ သီလရှင်များအား စီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များနှင့် ရပ်ကွက်နေပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆေးဝါးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**



# ရေးမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေး

**ရေး နိုဝင်ဘာ ၄**

မွန်ပြည်နယ် ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ပူးပေါင်းအဖွဲ့တို့သည် နိုဝင်ဘာ ၃ ရက်က မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုငြိမ်း ဦးဆောင်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးသန်းဌေးအောင်နှင့် သက်ဆိုင်ရာဌာနတာဝန်ရှိသူများသည် စက်သုံးဆီအရောင်းဆိုင်တာဝန်ခံများအား မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်းအနေဖြင့် မီးသတ်ဆေးဘူး၊ ရေပုံး၊ သဲအိတ်၊ မီးချိတ်၊ မီးကပ်များ အဆင်သင့်ထားရှိရမည်ဖြစ်ကြောင်း၊ စက်သုံးဆီများ ပြတ်လပ်မှုမရှိစေရေး ရောင်းချပေးရာတွင် သတ်မှတ်ထားသော ဈေးနှုန်း၊ အရည်အသွေး၊ အခြင်အတွယ် ပြည့်မီမှန်ကန်စွာ ရောင်းချရမည်ဖြစ်ကြောင်းနှင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး ကြိုတင်သတိပြု လိုက်နာရမည့်အချက်များကို ရှင်းလင်းပေးပြီး စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရှင်းသန့်ဖြူ**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အမျိုးသားရေးအသိဖြင့် စာပေတာဝန်ကျေပွန်ကြစို့

မြင့်စိုး(နတလ)

ကျွန်တော် စာမရေးဖြစ်တာ အတော်ကြာပြီ။ ရေးချင်စိတ်ပျောက်နေခြင်းဖြစ်၏။ နောက်ဆုံးရေးခဲ့သည့် ဆောင်းပါးခေါင်းစဉ်ကိုပင် မမှတ်မိချင်တော့။ တပ်ကုန်းမြို့နယ်ထဲက သားခိုတောင်သို့ သွားရောက်ခဲ့သည့်အကြောင်း ရေးထားသည့်ဆောင်းပါးဖြစ်ပါလိမ့်မည်။ စာရေးဖို့ထက် မွေးရပ်မြေဖြစ်သော ရောဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများအနက် မိမိရွာအပါအဝင် ပုသိမ်-မုံရွာကားလမ်း အနောက်ဘက်ခြမ်းကျေးရွာများ တည်ငြိမ်အေးချမ်းရေး၊ တည်ငြိမ်အေးချမ်းမှုရှိအောင် ပူးပေါင်းဆောင်ရွက်ကြရေး၊ ယာယီနေရပ်စွန့်ခွာ မိသားစုများ၏ စားဝတ်နေရေးအတွက် ကူညီထောက်ပံ့မှုများရရှိရေးတို့နှင့် စပ်လျဉ်း၍ မိမိစွမ်းဆောင်နိုင်သလောက် လုပ်ကိုင်ဆောင်ရွက်ပေးရင်း တည်ငြိမ်အေးချမ်းမှုရယူတည်ဆောက်ပြီးချိန်မှာ မလွဲမသွေကြုံတွေ့လာရမည့် ပြန်လည်နေရာချထားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လမ်းပန်းဆက်သွယ်ရေး စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအထိ စိတ်ရောက်နေ၍ စာရေးချင်စိတ်ပျောက်နေခြင်းဖြစ်မည်ဟု မိမိကိုယ်မိမိ ပြန်လည်သုံးသပ်မိပါသည်။

### သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲ

ထိုကဲ့သို့နေလာရာမှ တစ်နေ့တွင် တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်း၏ နာယကလည်းဖြစ်၊ ကန်တော့ခံ သက်ကြီးစာပေပညာရှင်လည်းဖြစ်သော ဆရာကြီး ဦးအောင်ကြည်ညွန့်က မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(စာရေးဆရာမြင်းမူမောင်နိုင်မိုး) ၏ စာကို ပေးပို့လာပါသည်။ ဆရာမောင်နိုင်မိုး၏ စာထဲတွင် ဖော်ပြထားသည်မှာ မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူး၍ ၁၃၈၇ ခုနှစ် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယမန်နှစ်က အသက် ၈၀ နှင့်အထက် သက်ကြီးစာပေပညာရှင်ကြီး ၂၇၆ ဦးကို တစ်ဦးလျှင်ငွေကျပ် နှစ်သိန်းသုံးသောင်းစီနှင့် ဆေးဝါး၊ အခြားလှူဖွယ်ပစ္စည်းများ ကန်တော့ခဲ့ကြကြောင်း၊ ယခုနှစ်အတွက် ကန်တော့ခံစာရေးဆရာကြီး၊ ဆရာမကြီး ၂၈၈ ဦးရှိမည်ဖြစ်ရာ ကျွန်တော် မြင့်စိုး(နတလ) အနေဖြင့်လည်း ယမန်နှစ်ကဲ့သို့ စေတနာ သဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများ ပါဝင်လှူဒါန်းပေးပါရန် မေတ္တာရပ်ခံ အကြောင်းကြားပေးခြင်းဖြစ်ပါသည်။

ကောင်းလေစွ၊ ယမန်နှစ်က ငါးသိန်းလှူခဲ့ဖူးသော ကျွန်တော်၊ ယခုနှစ်အတွက် ခုနစ်သိန်းနှင့် တောင်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်း၏ သက်ကြီးစာပေပညာရှင် ပူဇော်ပွဲအတွက် ကျပ် သုံးသိန်း၊ ပေါင်း ကျပ် ၁၀ သိန်းကို အတွင်းရေးမှူး ဆရာပန်းမျိုးခင်ထံသို့ ပေးပို့၍ လှူဒါန်းလိုက်ပါသည်။ မိမိ၏ အလှူဒါနအပေါ် ကြည်နူးဝမ်းသာပီတိဖြာရင်း ဆရာမောင်နိုင်မိုး ပေးပို့လိုက်သောစာကို ပြန်လည်ဖတ်ရှုရင်း စိတ်ခံစားမှုတစ်ခု ပေါ်လာသည်ကို သတိပြုမိသည်။

အလို...... ဆရာကြီးတက္ကသိုလ်ဘုန်းနိုင် ပြောဖူးသည့် ဇောစေတနာ (Inspiration) ကို ဖန်တီးပေးသော အလှူဒါနတစ်ခုဖြစ်ခဲ့ပါပကော။ ထိုအလှူဒါနလေးတစ်ခုကို အကြောင်းပြု၍ သည်စာစုကိုရေးဖြစ်ခဲ့သည်။ ရေးရင်းနှင့်တွေးမိသည့် အကြောင်းအရာများကိုလည်း နောက်ပြန်သွားနေသည့် အချိန်ကာလယန္တရားနှင့်အတူ လိုက်ပါအမိဖမ်း၍ စိတ်ကူးပုံဖော်ကြည့်ရင်း ကြည်နူးဝမ်းသာရသည်။ ပျော်ရသည်။ ဝမ်းနည်းရသည်။ လူပုဂ္ဂိုလ်တော်တော်များများကို သတိရမိသည်။ ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်ဟု ဆိုလိုက်သည်နှင့် သူရေးသောဝတ္ထုများ (ကျွန်တော် အကြိုက်ဆုံးဝတ္ထုဖြစ်သော သူငယ်ချင်းလိုပဲ ဆက်၍ခေါ်မည်ခိုင် အပါအဝင်) ကျွန်တော်တို့ လေးမျက်နှာမြို့လေးမှာ လာရောက်ဟောပြောခဲ့သည့်စာပေဟောပြောပွဲ၊ လေးမျက်နှာကို ဂုဏ်ပြုရေးဖွဲ့ခဲ့သည့် "သာ၍ဝေးရာဆီကိုပါ" ဝတ္ထု

ရောက်ဖူးခဲ့သည်။ နှစ်အတန်ကြာ ထုတ်ဝေခဲ့ဖူးသော တိုင်းရင်းသားမဂ္ဂဇင်းကို အကြောင်းပြု၍ စာရေးဆရာကြီး၊ ဆရာမကြီးများ၏ စာမူများနှင့် ထိတွေ့ခွင့်ရခဲ့ပါသည်။ နာမည်ပေးတာကိုက "တိုင်းရင်းသားမဂ္ဂဇင်း" ဖြစ်သောကြောင့် နယ်စပ်ဒေသများ၊ တိုင်းရင်းသားများအပေါ်ထားရှိသည့် စေတနာ၊ မေတ္တာ၊ ကရုဏာတို့ကို သူတို့ရေးသားချီးမြှင့်ခဲ့သည့် ကဗျာများ၊ ဝတ္ထုများ၊ ဆောင်းပါးများထဲတွင် တွေ့ရသည်။ ကာတွန်းများ၊ သရုပ်ဖော်ပန်းချီများမှအစ နယ်စပ်ဒေသနှင့် တိုင်းရင်းသားအငွေ့အသက်များ မကင်းပါချေ။

> **ကြုံဆုံခဲ့ဖူးသော စာပေနှင့်ဆက်နွှယ်သည့် ဆရာသမားများ၊ စာရေးဆရာ၊ ဆရာမများက စာပေတာဝန်ကိုသိသော၊ နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာရှိသော ယုံကြည်ချက်၊ ခံယူချက်များဖြင့် စာပေစင်မြင့်ထက်တွင် ဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်သွားခဲ့ကြသည်ကို ကြည်ညိုလေးစားဖွယ်ရာ တွေ့မြင်ခဲ့ရသည်။ စေတနာဟုဆိုရာတွင် ကောင်းသောစေတနာနှင့် မကောင်းသော စေတနာနှစ်မျိုးရှိသည်။ ကောင်းသောစေတနာက ကုသိုလ်ကံကို ဖြစ်စေသည်၊ မကောင်းသောစေတနာက အကုသိုလ်ကံကို ဖြစ်စေသည်။ တာဝန်သိသော စာရေးဆရာမှန်သမျှသည် ကောင်းသောစေတနာဖြင့်သာ စာရေးကြ**

စသည်တို့က အစီအရီပေါ်လာသလို ကျွန်တော် နတလမှာရှိနေစဉ် တိုင်းရင်းသားမဂ္ဂဇင်းအတွက် ဆရာကြီးထံမှ စာမူများရရှိခဲ့သည်ကိုလည်း အမှတ်ရမိသည်။ အယ်ဒီတာချုပ် ဆရာနီမင်းဆွေ (ဒုမှူးကြီးမြင့်ဆွေ-ကွယ်လွန်)၊ တာဝန်ခံအယ်ဒီတာ ဆရာလင်းဇော်ခိုင် (ကွယ်လွန်)၊ အယ်ဒီတာအဖွဲ့ဝင် ဗိုလ်မှူးသန်းထူးနှင့် ကျွန်တော်မြင့်စိုး (နတလ)တို့ စုပေါင်းတာဝန်ယူ၍ စီစဉ်ထုတ်ဝေခဲ့ကြသော နတလမဂ္ဂဇင်းကို ကနဦးအစ၌ နယ်စပ်ဖွံ့ဖြိုးရေးမဂ္ဂဇင်းအမည်ဖြင့် ထုတ်ဝေခဲ့ကြပြီး နောင်တွင် တိုင်းရင်းသားမဂ္ဂဇင်းအဖြစ် အမည်ပြောင်းလဲထုတ်ဝေခဲ့သည်။ ယင်းမဂ္ဂဇင်းအတွက် စာမူများတောင်းခံရာတွင် ဆရာကြီးတက္ကသိုလ်ဘုန်းနိုင်၏ သန်လျင်နေအိမ်သို့ ဆရာလင်းဇော်ခိုင် ကိုယ်တိုင် သွားရောက်တောင်းခံခဲ့သည်။ ဆရာကြီး ချီးမြှင့်ခဲ့သော စာမူများအနက် "နှစ်ဆယ့်တစ်ရာစုနှစ် ဖွံ့ဖြိုးတိုးတက်မှုသစ် မုခ်ဦးမှာ" ဆိုသည့် ဆောင်းပါးထဲမှ (Inspiration) နှင့်ပတ်သက်၍ အောက်ပါအတိုင်း ဖွင့်ဆိုထားပါသည် -

> စာရေးခြင်းအပါအဝင် အနုပညာများအတွက် တွန်းအားကို အင်္ဂလိပ်ဘာသာဖြင့် Inspiration ဟုခေါ်သည်။ ဇောစေတနာဟု ကျွန်တော်က ဘာသာပြန်ပါသည်။ အနုပညာအားလုံးတွင် ဖန်တီးမှုဖြစ်ပေါ်လာရန် တွန်းအားပေးသော အနုပညာဇောစေတနာဟူ၍ရှိ၏။ ခေါမများက ထိုဇောစေတနာကို (Theia Donamis) ဟု ခေါ်သည်။ ထိုခေါမစကား၏ အင်္ဂလိပ်ဘာသာ အဓိပ္ပာယ်မှာ (Divine Power) ဟုဖြစ်၏။ မြန်မာလိုတော့ နတ်ဒေဝါတန်ခိုးဟု အဓိပ္ပာယ်ရသည်။ စာရေးဆရာ၊ ကဗျာဆရာသည် သံလိုက်တုံးကြီးနှင့်တူသည်။ တန်ခိုးရှင်တစ်ဦးဦးက သူ့ကိုယ်တွင်း ပူးဝင်လာသောအခါ သူ့ကိုယ်တွင်းမှ နတ်ဒေဝါတန်ခိုးသည် သံလိုက်ဓာတ်ပမာဖြာထွက်သည်။ မဖြာထွက်ဘဲ မနေနိုင်တော့။ စာရေးဆရာ၊ ကဗျာဆရာသည် သူ့ဘဝကိုပင် သူခေတ္တမေ့ သတိလွတ်သွားပြီး Divine Dispensation ခေါ် တန်ခိုးရှင်၏ အစီအရင်အတိုင်း ရွတ်တော့၊ ပြောတော့၊ ရေးတော့သည်ဆို၏။ ဟိုးမား (Homer) ကြီးမှအစ ကမ္ဘာ့ကဗျာဘိုးအေကြီးများသည် သူတို့၏ မဟာကဗျာကြီးများကို ဤသို့လျှင် နတ်ဒေဝါတန်ခိုးနှင့် စပ်ဆိုဖန်တီးခဲ့သည်ဟု ဝန်ခံပြောဆိုကြသည်........
>
> ဟု ဆရာကြီးက ရေးသားဖော်ပြထားပါသည်။

### တိုင်းရင်းသားများအပေါ်ထားရှိသည့် စေတနာ၊ မေတ္တာ၊ ကရုဏာတို့ကို တွေ့ရ

တိုင်းရင်းသားမဂ္ဂဇင်းအတွက် စာမူများတောင်းခံရန် ဆရာဦးလင်းဇော်ခိုင်၏ ဆက်သွယ်ပေးမှုအရ စာရေးဆရာရုပ်ရှင်မင်းသားကိုသုမောင်နှင့် ဆရာမင်းလူတို့အိမ်သို့လည်း ကျွန်တော် ရောက်ဖူးခဲ့သည်။ ဆရာမဝင်းဝင်းလတ် (ကွယ်လွန်)နှင့်လည်း ခင်မင်ရင်းနှီးခွင့်ရခဲ့သည်။ ဆရာဦးခင်မောင်မြင့်၏ မဟေသီတိုက်သို့လည်း မကြာခဏ

### စာပေစင်မြင့်ထက်တွင် ဂုဏ်သိက္ခာမြင့်မားစွာ ရပ်တည်သွားခဲ့ကြ

ကျွန်တော်တို့ ဖြတ်သန်းခဲ့သည့်အချိန်ကာလကို ပြန်လည်တွက်စစ်ကြည့်လိုက်သောအခါ ဆယ်စုနှစ် နှစ်ခုကျော်၊ သုံးခုအတွင်းသို့ ချင်းနင်းဝင်ရောက်ခဲ့ပြီတည်း။ ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသော စာရေးဆရာတော်တော်များများက သက်ရှိထင်ရှားမရှိတော့ပြီ။ တောင်ဆီမှာမိုးတွေသည်းပါလို့ဝတ္ထုဖြင့် နာမည်ကျော်ခဲ့သော ဆရာနီမင်းဆွေလည်း မရှိတော့ပြီ။ "ဒီကောင်မြင့်စိုး (နတလ)ကွာ ဆောင်းပါးခေါင်းစဉ်ပေးတာကလည်း နုရွနေတာပဲ၊ တက္ကသိုလ်ဘုန်းနိုင်ရဲ့ တပည့်လားမသိဘူး၊ ဒီမှာ ကိုအောင်မြိုင်( ဦးအောင်မြိုင်က သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှဌာနခွဲမှူးဖြစ်သည်) သူ့ခေါင်းစဉ်ကို ကျုပ်ပြင်မယ်၊ လိုက်ရေးပါ၊ ကျုပ်ပြင်ပေးတာကို လက်မခံဘူးဆိုရင် မထည့်ပေးဘူးပြောလိုက်" ဤပုံဤနှယ် ပြောခဲ့၊ ပြင်ပေးခဲ့ဖူးသော ပြန်ကြားရေးဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်လည်း မရှိတော့ပြီ။ သို့သော် ကြုံဆုံခဲ့ဖူးသော စာပေနှင့်ဆက်နွှယ်သည့် ဆရာသမားများ၊ စာရေးဆရာ၊ ဆရာမများက စာပေတာဝန်ကိုသိသော၊ နိုင်ငံနှင့်လူမျိုးအပေါ် သစ္စာရှိသော ယုံကြည်ချက်၊ ခံယူချက်များဖြင့် စာပေစင်မြင့်ထက်တွင် ဂုဏ်သိက္ခာ မြင့်မားစွာ ရပ်တည်သွားခဲ့ကြသည်ကို ကြည်ညိုလေးစားဖွယ်ရာ တွေ့မြင်ခဲ့ရသည်။ စေတနာဟုဆိုရာတွင် ကောင်းသောစေတနာနှင့် မကောင်းသော စေတနာ နှစ်မျိုးရှိသည်။ ကောင်းသောစေတနာက ကုသိုလ်ကံကို ဖြစ်စေသည်၊ မကောင်းသောစေတနာက အကုသိုလ်ကံကို ဖြစ်စေသည်။ တာဝန်သိသော စာရေးဆရာမှန်သမျှသည် ကောင်းသောစေတနာဖြင့်သာ စာရေးကြသည်။ ကောင်းသောကုသိုလ်ကံ ဇောစေတနာတို့တွင် မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့က အလိုလိုပါဝင်လာပြီးဖြစ်တော့သည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာတို့အရင်းတည်၍ ရေးသားထားသည့် စာပေမှန်သမျှ အဆိပ်အတောက်ကင်းသော အကျိုးပြုစာပေများ မလွဲကေန်ဖြစ်ပေလိမ့်မည်။

စာပေမြင့်မှ လူမျိုးတင့်မည်ဆိုသည့် ဆိုရိုးရှိခဲ့သည်။ စာပေသည် နိုင်ငံအတွက် လမ်းပြကြယ်ဟုဆိုပါလျှင် စာရေးဆရာများသည် လမ်းပြကြယ်ကို ပိုမိုလင်းလက်တောက်ပအောင် ဖန်တီးပုံဖော်သူများဖြစ်ပေလိမ့်မည်။ သည့်အတွက် စာပေအပေါ် သစ္စာရှိရပါမည်။ နိုင်ငံနှင့် လူမျိုးအတွက် အနာဂတ်ကို ပိုင်စိုးမည့်လူငယ်များအတွက် အဆိပ်အတောက်ကင်းသော စာကောင်းပေမွန်များကိုသာ လက်ဆင့်ကမ်းအမွေအဖြစ် မျှဝေပေးရပါမည်။ ယနေ့ သက်ရှိထင်ရှားရှိနေကြဆဲ ကန်တော့ခံစာပေပညာရှင်ကြီးများသည် စာပေအပေါ် သစ္စာရှိစွာ ရေးသားရပ်တည်ခဲ့ကြသော ပုဂ္ဂိုလ်ကြီးများဖြစ်ကြသည်။ မကြာမီ ကျင်းပပြုလုပ်မည့် (၃၈) ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ကန်တော့ပွဲမှသည် အကြိမ် (၅၀) မြောက် ရွှေရတုနှစ်ကန်တော့ပွဲအထိ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သလိုက်ရပါသည်။ ။

> **စာရေးဆရာ၊ ကဗျာဆရာသည် သံလိုက်တုံးကြီးနှင့်တူသည်။ တန်ခိုးရှင်တစ်ဦးဦးက သူ့ကိုယ်တွင်း ပူးဝင်လာသောအခါ သူ့ကိုယ်တွင်းမှ နတ်ဒေဝါတန်ခိုးသည် သံလိုက်ဓာတ်ပမာ ဖြာထွက်သည်။ မဖြာထွက်ဘဲ မနေနိုင်တော့။ စာရေးဆရာ၊ ကဗျာဆရာသည် သူ့ဘဝကိုပင် သူခေတ္တမေ့ သတိလွတ်သွားပြီး Divine Dispensation ခေါ် တန်ခိုးရှင်၏ အစီအရင်အတိုင်း ရွတ်တော့၊ ပြောတော့၊ ရေးတော့သည်ဆို၏။ ဟိုးမား (Homer) ကြီးမှအစ ကမ္ဘာ့ကဗျာဘိုးအေကြီးများသည် သူတို့၏ မဟာကဗျာကြီးများကို ဤသို့လျှင် နတ်ဒေဝါတန်ခိုးနှင့် စပ်ဆိုဖန်တီးခဲ့**

## မြဝတီမြို့ ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၌ မသိုးသင်္ကန်း၊ ဆွမ်းတော်ကြီးနှင့် ဆီမီး ၉၀၀၀ ဆက်ကပ်လှူဒါန်းပူဇော်ပွဲ ကျင်းပ

မြဝတီ နိုဝင်ဘာ ၄

ကရင်ပြည်နယ် မြဝတီမြို့ ရွှေမြင်းဝန် စေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် တန်ဆောင်မုန်းလပြည့် (သာမညဖလ) အခါတော်နေ့ မသိုးသင်္ကန်း၊ ဆွမ်းတော်ကြီးနှင့် ဆီမီး ၉၀၀၀ ဆက်ကပ်လှူဒါန်းပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရွှေမြင်းဝန် စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ သာသနဲ့ဟိတကာရီ ဗိမာန်တော်၌ ကျင်းပသည်။

ဦးစွာ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် မြဝတီမြို့ မြသုခတပ်ဦးကျောင်းတိုက် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဒေါက်တာပညာနန္ဒနှင့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များထံ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်း၊ အဖွဲ့ဝင်(၂) ဦးစိန်သောင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူတို့က လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

### ပူဇော်ကပ်လှူ

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက မသိုးသင်္ကန်းကိုကိုင်ဆောင်၍ ရွှေမြင်းဝန်စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်ပတ် ပူဇော်ကပ်လှူကြသည်။

ယနေ့နံနက် ၄ နာရီတွင်လည်း ရွှေမြင်းဝန်စေတီတော်မြတ်ကြီး၌ အမှတ်(၅)ရပ်ကွက် မွေးမြူရေးဇုန်နေ အလှူရှင် ဦးဖိုးမြိုင်မိသားစုက ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်း၊ အရှေ့၊ အနောက်၊ တောင်၊ မြောက် မုခ်ဦးတော်များရှိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ကြာသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆွမ်းတော်ကြီး၊ သစ်သီးကိုးမျိုး ဆက်ကပ်လှူဒါန်းခြင်းနှင့် ဘုရားဖူးလာပြည်သူများအား စတုဒိသာဖြင့် ကျွေးမွေးခဲ့ကြောင်း သိရသည်။

ဆောင်းနှင်းဖြူ(ပြန်/ဆက်)





## လွိုင်လင်မြို့ အနန္တဇိနလောကချမ်းသာ စေတီတော်မြတ်ကြီး ပထမအကြိမ် မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ ကျင်းပ

လွိုင်လင် နိုဝင်ဘာ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့ အောင်တော်မူတောင်တော်ပေါ်တွင်တည်ထားကိုးကွယ်သည့် အနန္တဇိနလောကချမ်းသာစေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်လှူပူဇော်ခြင်း (၂)နှစ်ပြည့်အထိမ်းအမှတ်ဖြင့် စေတီတော်အတွင်း၌ ကိန်းဝပ်စံတော်မူသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာနှင့် ပထမအကြိမ် မသိုးသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယမန်နေ့ ညနေပိုင်းတွင် ကျင်းပသည်။

မသိုးသင်္ကန်းရက်လုပ်ခြင်းဖွင့်ပွဲကို လွိုင်လင်တပ်နယ်မှူး ဗိုလ်မှူးချုပ်သန်းထွန်းအောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွဋ်၊ စေတီတော်ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မင်းနှင့် ဘုရားဒါယကာ အလှူရှင် ဦးတင်ရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ရှမ်း၊ ပအိုဝ်းတိုင်းရင်းသားများ၏ အိုးစည်အဖွဲ့များ၊ ကိန္နရီကိန္နရာ၊ တိုးနရားအကအဖွဲ့များက အကအလှများဖြင့်ဖျော်ဖြေကပြကြသည်။

ရက်လုပ်ပြီးစီးသည့် မသိုးသင်္ကန်းများကို တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၄ နာရီတွင် စေတီတော်အတွင်း၌ ကိန်းဝပ်စံတော်မူသော ဗုဒ္ဓရုပ်ပွားတော်ကိုးဆူအား ဆက်ကပ်လှူဒါန်းခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူခြင်းနှင့် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

လွိုင်လင်မိုး

## မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ မသိုးသင်္ကန်းတော်မြတ် ရက်ချုပ်ကပ်လှူပူဇော်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ဇလွန် နိုဝင်ဘာ ၄

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့ မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ (၅၄)ကြိမ်မြောက် မသိုးသင်္ကန်းတော်မြတ်ရက်ချုပ်ကပ်လှူပူဇော်ပွဲကို ယနေ့နံနက် ၄ နာရီတွင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ ဂန္ဓကုဋိတိုက်တွင် ကပ်လှူပူဇော်သည်။

မသိုးသင်္ကန်းတော်မြတ်ရက်ချုပ်ကပ်လှူပူဇော်ရာတွင် ကိန္နရီစင်တော်၊ သမ္ဗူလစင်တော်၊ မယ်မဒ္ဒီစင်တော်၊ အမရာစင်တော်တို့မှ ရက်ချုပ်လှူဒါန်းထားသော မသိုးသင်္ကန်းတော်မြတ်အား မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား ဆက်ကပ်ပူဇော်ခဲ့ပြီး နံ့သာကိုးမျိုးဖြင့် မျက်နှာတော်သစ်ရေချင်တော်ဖွင့်ခဲ့သည်။

ယင်းနောက် မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီးအား ဆရာတော်၊ သံဃာတော်များခြံရံပြီး ဘုရားအနေကဇာတင်မြှောက်ခြင်းပြုလုပ်၍ သစ်သီးကိုးမျိုး၊ ပန်းကိုးမျိုး၊ မုန့်ဆွမ်းကိုးမျိုး ကပ်လှူပူဇော်ခဲ့ကြသည်။

ထို့နောက် မသိုးသင်္ကန်းတော်မြတ်ရက်ချုပ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ကျင်းပရာ ပထမဆုရမယ်မဒ္ဒီစင်တော်၊ ဒုတိယဆုရ အမရာစင်တော်၊ တတိယဆုရ ကိန္နရီစင်တော်၊ စတုတ္ထဆုရ သမ္ဗူလစင်တော်တို့အား မာရ်အောင်မြင်ပြည်တော်ပြန်မြတ်စွာဘုရားကြီး၏ ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြကြောင်း သိရသည်။

ဇလွန်(ပြန်/ဆက်)





## ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်)၌ တန်ဆောင်မုန်းလပြည့်နေ့ ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၄

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်၌ တန်ဆောင်မုန်းလပြည့်နေ့တွင် အကြိမ်(၃၀)မြောက် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းမင်္ဂလာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဦးစွာ စွယ်တော်မြတ်စေတီတော်၌ အရုဏ်ဆွမ်းကပ်လှူပူဇော်ခြင်းနှင့် သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးအစရှိသည်တို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ထို့နောက် စေတီတော်ကြီး၏ ဂန္ဓကုဋိတိုက်အတွင်းရှိ မုဒြာဘုရား ကိုးဆူတို့အား ရွှေကြာသင်္ကန်းဆက်ကပ်ခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်းအခမ်းအနား ကျင်းပရာ ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တအဂ္ဂဓမ္မ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ၊ ဒွိပိဋကဓရ)ထံမှ ရှစ်ပါးသီလခံယူခြင်း၊ ဩဝါဒါစရိယဆရာတော်ကြီးများထံမှ ပရိတ်တရားတော်များနာယူခဲ့ပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ)က ရေစက်ချတရားတော် ဟောကြားခဲ့ကြောင်း သိရသည်။

မောင်အေးချမ်း(ပြန်/ဆက်)



## ပြင်ဦးလွင်မြို့၌ (၂၅) ကြိမ်မြောက် မသိုးသင်္ကန်း ရက်ကန်းခတ်ပူဇော်ပွဲ ကျင်းပ

ပြင်ဦးလွင် နိုဝင်ဘာ ၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာအံ့ထူးကံသာ ဆုတောင်းပြည့်ဘုရားကြီးတွင် မသိုးသင်္ကန်းရက်ကန်းခတ်ပူဇော်ပွဲကို နိုဝင်ဘာ ၃ ရက် ညနေပိုင်းက ဘုရားကြီးရင်ပြင်ပေါ်၌ ကျင်းပသည်။

အဆိုပါ မဟာအံ့ထူးကံသာဆုတောင်းပြည့်ဘုရား (၂၅)ကြိမ်မြောက် မသိုးသင်္ကန်း ရက်ကန်းခတ်ပွဲကို အဆိုပါဘုရားကြီးရင်ပြင်ပေါ်၌ ကျင်းပရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရက်ကန်းခတ်နေမှုအား လှည့်လည်ကြည့်ရှုသည်။

ထို့နောက် မသိုးသင်္ကန်းရက်ကန်းခတ်ပူဇော်ပွဲတွင် သုမာလာ၊ သုစိတ္တာ၊ သုနန္ဒာ၊ သုဓမ္မာနှင့် သုဇိတာ စသည့်ရက်ကန်းစင်များဖြင့် မိမိတို့ရက်ကန်းစင်အလိုက် မသိုးသင်္ကန်းကို အချိန်မီပြီးစီးနိုင်ရန်အတွက် ရက်ဖောက်ရောက်ခြင်း၊ ချည်ဆက်ခြင်း၊ ရက်ကန်းခတ်ခြင်း၊ ရက်ကန်းစင်ငါးစင်မှရရှိသော သင်္ကန်းအား ဆက်ချုပ်ခြင်းတို့အား အချိန်နှင့်တစ်ပြေးညီ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မင်းတုန်းမြို့၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့အကြို ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်

မင်းတုန်း နိုဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့၌ ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့အကြို ပြည်သူ့အကျိုးပြုလုပ်ငန်း သွေးလှူဒါန်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၂ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလင်း ဦးဆောင်၍ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများက မြို့နယ်ပြည်သူ့ဆေးရုံတွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး အမှတ်(၂)ရပ်ကွက် ဘုရားကြီးသုံးဆူတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်



စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ချုံနွယ်များနှင့် ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ချင်းကလေး(NRDC)

# စာဖတ်ပရိသတ်ကို ကောင်းမွန်တဲ့ သုတရသတွေပေးနိုင်အောင် စာကောင်း စာမွန်တွေကို ဖတ်မှတ်လေ့လာအတုယူပြီး ရသစုံ ကိုယ်တွေ့ကြုံခံစားရတဲ့ အကြောင်းအရာတွေကို ရေးသားနေရဦးမှာပါ

**ရဲမင်းစိုး**

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၄ ခုနှစ်အတွင်း ပထမအကြိမ် ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်၍ အမျိုးသားစာပေဆုများ ပေးအပ်ချီးမြှင့်ရန် စာရေးဆရာ၊ ဆရာမများ၏ အမည်စာရင်းများကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ သို့ပါ၍ စာပေနယ်ပယ်အသီးသီးမှ အမျိုးသားစာပေဆုရရှိသည့် စာပေပညာရှင်များနှင့် မေးမြန်းထားသည်များကို ရေးသားလိုက်ရပါသည်-

**ရဲမင်းစိုး**

**လေလှိုင်းကြားက အသက်ရှူသံများနှင့် (စစ်သည်နှလုံးသား ခံစားချက် ဝတ္ထုတိုများ) စာအုပ်ဖြင့် အမျိုးသားစာပေ(ဝတ္ထုတိုဆု)**


ကျွန်တော့်နာမည် ဦးစိုးမြင့်၊ ကလောင်အမည် ရဲမင်းစိုး ဖြစ်ပါတယ်။ လက်ရှိကလောခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးတာဝန်များ ထမ်းဆောင်လျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ စာပေဗိမာန်စာမူဆုပြိုင်ပွဲများ၊ တပ်မတော်နေနဲ့ မူးယစ်ဆေးဝါးတားဆီးထိန်းချုပ်ရေး ပြိုင်ပွဲတွေမှာ ဝင်ရောက်ပြိုင်ပွဲဝင်ခဲ့ပြီး စာပေဗိမာန်ပထမဆု၊ ဒုတိယဆု အပါအဝင် ဆုရအကြိမ်ရေ (၁၆)ကြိမ် ရှိပါပြီ။

စာရေးသူတိုင်းကတော့ နိုင်ငံတော်က ချီးမြှင့်ပေးတဲ့ အမျိုးသားစာပေဆုကို လိုချင်ကြတာပါပဲ။ ကျွန်တော်လည်း လိုချင်လို့ ကြိုးစားခဲ့ရတာပါ။ အမျိုးသားစာပေဆုရတယ်လို့ စာပေရောင်းရင်းတွေ၊ မိတ်ဆွေသူငယ်ချင်းတွေကပြောတော့ ယုံတောင်မယုံနိုင်ပါဘူး။ ကိုယ်တိုင်တွေ့ကြုံခံစားခဲ့ရတာအပြင် တပ်မတော်သားတွေရဲ့ ဘဝ၊ မိခိုမိသားစုတွေရဲ့ဘဝကို ထင်ဟပ်ပေါ်လွင်အောင် ရေးသားခဲ့လို့လည်း နိုင်ငံတော်အစိုးရက အခုလိုအမျိုးသားစာပေဆုချီးမြှင့်ခံရတဲ့အတွက် အတိုင်းမသိ ပီတိဖြစ်မိပါတယ်။

အမျိုးသားစာပေဆုရရှိခဲ့တဲ့ "လေလှိုင်းကြားက အသက်ရှူသံများ" ဝတ္ထုတိုလေးက နောင်ချို၊ ကျောက်မဲနယ်မြေ၊ ဂုတ်တွင်းတံတား တိုက်ပွဲဖြစ်စဉ်အမှန်လေးကို ခံစားရေးဖွဲ့ထားတာဖြစ်ပါတယ်။ တပ်မတော်သားတွေရဲ့ ရှေ့တန်းစစ်ဆင်ရေးတာဝန်ထမ်းဆောင်နေရသူတွေ နောက်တန်းကျန်ခဲ့တဲ့ မိသားစုတွေရဲ့လှုပ်ရှားမှုပုံရိပ်တွေကို ရေးသားထားတာ ဖြစ်ပါတယ်။ ခင်ပွန်းဖြစ်သူဗိုလ်ကြီး ကျော်ရဲဝင်းက တပည့်စစ်သည်တွေနဲ့ နောက်ဆုံးအကြိမ်အထိအသက်စွန့် တိုက်ပွဲဝင်ခဲ့ပြီး ခင်ပွန်းဖြစ်သူ ကျဆုံးသွားပြီးနောက် မုဆိုးမဖြစ်ခဲ့ရတဲ့ ဇနီးဖြစ်သူရဲ့ ခံစားချက်၊ ဖခင်မဲ့သွားရတဲ့ သားဖြစ်သူရဲ့ ရှေ့ဆက်ရမယ့် ခရီးအတွက်လေလှိုင်းတွေကြားထဲ ရှူသွင်းရမယ့် အသက်ရှူသံတွေက ဘယ်လိုရှိမလဲဆိုတာကို ပုံဖော်ရေးသားထားတဲ့ ဝတ္ထုတိုလေး ဖြစ်ပါတယ်။

အခု ဆုရတဲ့ ဒီစာအုပ်လေးက ၂၀၂၄ ခုနှစ် ဇူလိုင်လထဲမှာနိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းကနေ ထုတ်ဝေတဲ့ (၇) အုပ်မြောက် စာအုပ်ဖြစ်ပါတယ်။ ဒီမှာလည်း ပြောစရာတစ်ခု ရှိပါတယ်။ ကျွန်တော့်စာမူတွေနဲ့ ပတ်သက်ပြီး ထုတ်ဝေသူအချို့ လာရောက်ကမ်းလှမ်းကြတာ ရှိပါတယ်။ သို့သော်လည်း ကျွန်တော့်ကို စာပေလောကထဲကို "အမိန့်ဟူသည်" ဝတ္ထုတိုလေးနဲ့ မဂ္ဂဇင်းမှာ ဖော်ပြပေးခံရပြီး ရဲမင်းစိုး ဆိုတဲ့ ကလောင်တစ်ချောင်း ဖြစ်မြောက်အောင် မြေတောင်မြှောက်ပေးခဲ့တဲ့အပြင် ဆက်လက်၍လည်း (၇၃) နှစ်မြောက် တပ်မတော်နေ့စာမူပြိုင်ပွဲမှာ တတိယဆုရရှိခဲ့တဲ့"မမေ့နိုင်သော လက်ဖက်ရည်တစ်ခွက်" စသည့်ဝတ္ထုတိုလေးကို ထပ်မံဖော်ပြပေးခံရပြီး ပင်တိုင်စာရေးသူအဖြစ် ယနေ့အချိန်ထိ ဝတ္ထုတို/ ကဗျာတွေကို ဖော်ပြပေးနေတဲ့မဂ္ဂဇင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့လည်း မည်သူတွေပဲ လာရောက်ကမ်းလှမ်းကမ်းလှမ်း ကျွန်တော့်အနေနဲ့ စာပေသစ္စာရှိစွာဖြင့် နိုင်ငံ့ဂုဏ်ရည်စာပေတိုက်နဲ့ပဲ ဆက်လက်ထွက်ရှိမယ့် စာအုပ်တွေကိုလည်း ဆက်လက်ထုတ်ဝေသွားမှာ ဖြစ်ပါတယ်။


ရဲမင်းစိုး


ငွေးကြည်(စလင်း)

နောက်ပြီး နှစ်(၈၀)ပြည့် တပ်မတော်နေ့မှာ ဝတ္ထုတိုပထမဆုရရှိခဲ့တဲ့ "ညာခြေတစ်ဖက်ပေးဆက်ခဲ့ရသည့်တိုင်" ဝတ္ထုတိုလေးဟာ ယနေ့ဖြစ်ပေါ်တွေ့ကြုံနေရတဲ့ တပ်မတော်က ကူးပြောင်းတာဝန်ထမ်းဆောင်တဲ့သူတွေအပေါ်မှာ အရပ်ဘက်ဝန်ထမ်းတွေရဲ့ မနာလိုစိတ်ဖြင့် ဆက်ဆံမှုတွေကို ကိုယ်တိုင်တွေ့ကြုံခံစား ရေးသားထားပြီး မီးမောင်းထိုးထားတဲ့ ဝတ္ထုတိုလေးဖြစ်ပါတယ်။ အခြားသော ဝတ္ထုတိုလေးတွေကလည်း ကိုယ်တွေ့ခံစားရေးဖွဲ့ထားတဲ့ဝတ္ထုတွေပါပဲ။ ကျွန်တော့်ဝတ္ထုတွေအားလုံးက "မုတ" ဆိုတဲ့ ကိုယ်တွေ့ခံစားရေးဖွဲ့ထားတာဖြစ်လို့ ဒီနေ့ဖြစ်ပေါ်တွေ့ကြုံနေရတဲ့ လူငယ်လူရွယ်တွေကို လမ်းမှားပေါ်ရောက်အောင် မဟုတ်မမှန် လုပ်ကြံသတင်းထုတ်လွှင့်ပြီး ဝါဒမှိုင်းတွေလုပ်နေတာတွေ တပ်မတော်သားတွေအပေါ်မှာ နိုင်ငံရေးသမားအချို့ အမြင်မကြည်လင်သူအချို့က ပြည်ပနိုင်ငံအားကိုးပြီးပြိုကွဲအောင် ဆောင်ရွက်နေတာတွေကို စာဖတ်ပရိသတ်သိအောင် အမှန်တရားတွေကို လက်ခံလာနိုင်အောင် ရေးသားထားတဲ့ စာမူကြမ်းပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ စာရေးသူတွေအနေနဲ့က စာဖတ်ပရိသတ်ကို ကောင်းမွန်တဲ့ သုတရသတွေပေးနိုင်အောင် စာကောင်း စာမွန်တွေကို ဖတ်မှတ်လေ့လာ အတုယူပြီး ရသစုံကိုယ်တွေ့ကြုံခံစားရတဲ့ အကြောင်းအရာတွေကို ရေးသားနေရဦးမှာပါ။ ဆက်လက်ကြိုးစားနေပါဦးမယ်လို့ ပြောကြားချင်ပါတယ်။

**ငွေးကြည်(စလင်း)**

**လက်ဖျော်ကော်ဖီစာအုပ်ဖြင့် အမျိုးသားစာပေကဗျာ (ခေတ်ပေါ်)ဆု**

နိုင်ငံတော်က ဦးဆောင်ကျင်းပပြီး စာပေပညာရှင်ကြီးများက ဆုရွေးချယ်ပေးတဲ့ ၂၀၂၄ ခုနှစ်အတွက် စာပေဆုမှာ လက်ဖျော်ကော်ဖီ ခေတ်ပေါ်ကဗျာ စာအုပ်နဲ့ အမျိုးသားစာပေဆုကို ထိုက်တန်စွာ ရရှိလို့ အတိုင်းမသိ ဝမ်းသာပီတိဖြစ်ပါတယ်။ ဆက်လက်၍လည်း ကဗျာစာပေအနုပညာများ ဆက်လက်ရေးသားရင်း တိုင်းပြည်အကျိုးကို ဆောင်ရွက်သွားမယ်လို့ ပြောကြားလိုပါတယ်။

လက်ဖျော်ကော်ဖီ ကဗျာစာအုပ်ကို ဖန်တီးမိတာက ခေတ်ပေါ် အယူအဆကို ခေတ်ပေါ်အနုပညာဖြင့် တင်ပြလိုတဲ့အတွက် ဖြစ်ပါတယ်။ ထုဆစ်ဖန်တီးဖြစ်ခဲ့ပုံက ကျွန်တော်အအေးဆိုင်ပဲထိုင်ထိုင် လက်ဖက်ရည်ဆိုင်ပဲထိုင်ထိုင် သစ်သီးဖျော်ရည်မှာတိုင်း လက်ဖျော်နဲ့ စက်ဖျော်ဆိုသည့် ဝေါဟာရလေးကို ခဏခဏ ကြားရဖန်များလာတယ်၊ အဲဒီလိုကြားရတဲ့အခါမှာ လက်ဖျော်ဆိုတဲ့ ဝေါဟာရလေးက ရင်ထဲရောက်ရှိလာပြီး အမြဲတေလို ရှေ့လို့ဥထားရင်းနဲ့ တစ်နေ့မှာ ကော်ဖီတစ်ခွက် မှာသောက်မိရာကနေ လက်ဖျော်ဆိုသည့် ဝေါဟာရလေးက ရုတ်တရက် နိုးထလာတာနဲ့ ကော်ဖီဆိုတဲ့ စကားလေးနဲ့ တွဲဖက်လိုက်မိရာကနေ လက်ဖျော်ကော်ဖီဆိုတဲ့ ခေါင်းစီးရရှိလာတာပါ၊ ဒီလက်ဖျော်ကော်ဖီ ဆိုတဲ့ စာအုပ်ထွက်ပေါ်လာခဲ့တာပါ။

**ကိုယ်ရေးအကျဉ်း**

ဦးငွေးကြည် (စလင်း)ကို အဖ ဦးပြန့်၊ အမိ ဒေါ်ကြီးမြင့်တို့က ၁၃၁၉ခုနှစ်၊ ဝါဆိုလဆန်း ၉ ရက်တွင် စလင်းမြို့ မြင်တင်ရပ်၌ မွေးဖွားခဲ့သည်။ ငယ်စဉ် ပထမတန်းမှစ၍ အနုပညာဗီဇပိုးပါရှိခဲ့ပြီး ဆရာများထံတွင် လေ့လာသင်ယူခဲ့သည်။ စလင်းမြို့ အထက်တန်းကျောင်းတွင် အဋ္ဌမတန်းအထိ ပညာသင်ယူခဲ့သည်။ ၁၉၇၆ ခုနှစ် ယုဝတီဂျာနယ်တွင် နံ့သာသ၍ မလှသောမျက်နှာ ကဗျာဖြင့် စာပေလောကသို့ ရောက်ရှိခဲ့သည်။

တိုင်းရင်းမေ၊ သင့်ဘဝ၊ ရုပ်ရှင်အောင်လံ၊ စာပေလုပ်သား၊ မိုးဝေ၊ ရုပ်ရှင်တေးကဗျာ၊ ဖက်ရှင်၊ သပြေ၊ ချယ်ရီ၊ မြို့တော်၊ စံပယ်ဖြူ၊ ငွေတာရီ၊ မြဝတီစသည့် မဂ္ဂဇင်းပေါင်း ၇၀ ကျော်တွင် ကဗျာ၊ ဆောင်းပါး စုစုပေါင်းစာမူ ၁၅၀၀ ခန့် ရေးသားခဲ့သည်။ ဆရာ ဘီအီးဒီအောင်သိုက်နှင့် မြို့တော် မောင်ယဉ်အောင် တို့ အမှာစာရေးပေးသည့် ဒေါင်းအသည်း၏ ဒဿနိက ကဗျာစာအုပ်၊ ဆရာငြိမ်းကျော် အမှာစာရေးသည့် နှင်းဆီဖူး၏ ဆူးတံခါးအဖွင့် ကဗျာစာအုပ်၊ ဆော့(ဖ်)ပင် ကဗျာစာအုပ်၊ စိတ်ကူးချိုချိုမှ ထုတ်ဝေသည့် မြို့လား(၁၀၀) ကဗျာစာအုပ်၊ ည ၈ နာရီ ချောကလက် ကဗျာစာအုပ်၊ ရုပ်သေးသစ်ပင် အက်ဆေးစာအုပ်၊ ဇာတ်ခုံပေါ်မှ အလွဲများ ဟာသစာအုပ်၊ ငဝန်အနုပညာရပ်ဝန်းမှ ထုတ်ဝေသည့် လက်ဖျော်ကော်ဖီ ကဗျာစာအုပ် စုစုပေါင်း ၁၅ အုပ်မျှ ထွက်ရှိခဲ့သည်။ ၂၀၁၅ ခုနှစ် ကျိုက္ကလော့ အမေ့မေတ္တာ စာမူပြိုင်ပွဲတွင် ခေတ်ပေါ်ကဗျာ ပထမဆုရရှိခဲ့သည်။ တေးသီချင်းများလည်းရေးသားရာ ဆရာ တွံတေးသိန်းတန် သီဆိုသည့် ငှက်ခါးမလေးပြန်လာပါ၊ ခွေးဖြူမသို့ စာတစ်စောင်၊ ဟသ်ာတထွန်းရင် သီဆိုသည့် ဆန်ရေတစ်ပွက် တေးသီချင်းများအောင်မြင်၍ တေးသံရှင်များစွာ အထပ်ထပ်ပြန်လည်သီဆိုကြသည်။ အကယ်ဒမီ ဂျိုးဖြူ ဇာတ်တွင် ညမွှေးပန်း၏ လျှောက်လဲချက် ပြဇာတ်ဖြင့် ဇာတ်သဘင်လောကသို့ ရောက်ရှိပြီး ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်းနှင့် တွံတေးသိန်းတန် ဇာတ်များမှစ၍ ဇာတ်သဘင်များ၊ မန္တလေးအငြိမ့်များတွင် သီချင်း၊ အော်ပရာ၊ ပြဇာတ်များ ရေးသားခဲ့သည်။ ထို့ပြင် တိတ်ခွေအသံသွင်း ပြဇာတ် ဇာတ်လမ်းများ၊ ဗီဒီယို ဇာတ်ညွှန်း၊ ဇာတ်လမ်းများရေးသားခဲ့သည်။ ယခုလက်ရှိတွင်လည်း စာပေလမ်းကြောင်းပေါ်တွင် ကဗျာ၊ သီချင်း၊ ပြဇာတ်၊ အော်ပရာဖြင့် စာပေအနုပညာများ ဆက်လက်ရေးသားလျက်ရှိသည်။

**တွေ့ဆုံမေးမြန်း-နဒီမင်း**

---

## ရွာသစ်တိုက်နယ်ဆေးရုံ (၂၅)ခုတင်တွင် Steel Structure တစ်ထပ်တိုးချဲ့လူနာဆောင် ပန္နက်တော်တင်အခမ်းအနား ကျင်းပ



**အိမ်မဲ နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ရွာသစ်ကျေးရွာ တိုက်နယ်ဆေးရုံတွင် Steel Structure တစ်ထပ်တိုးချဲ့လူနာဆောင် ပန္နက်တော်တင် အခမ်းအနားကို နိုဝင်ဘာ ၃ ရက်က ကျင်းပသည်။

မင်္ဂလာအချိန်တွင် မြောင်းမြခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင် ဦးကျော်စွာတို့က Steel Structure တစ်ထပ်တိုးချဲ့ လူနာဆောင် တည်ဆောက်မည့်နေရာ၌ ပန္နက်တော်တင်ပေးကြသည်။

ဆက်လက်၍ မြောင်းမြခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့သည် ရွာသစ်တိုက်နယ် ဆေးရုံ (၂၅) ခုတင်၌ ဆေးရုံတက်ရောက်ကုသနေသော လူနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားများ ပြောကြားကာ အာဟာရအဖြစ် ကြက်ဥ၊ ကွေကာအုပ်နှင့် အလှူငွေများကို ပေးအပ်သည်။

အဆိုပါ တိုးချဲ့လူနာဆောင်၏ အလှူရှင်မှာ ဦးကျော်စွာ - ဒေါ်အေးစီ (ချမ်းမြေ့) ဆန်စက်မိသားစုဖြစ်ပြီး ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၁၅ ဒသမ ၃၅ သန်း အကုန်အကျခံကာ ဆောက်လုပ် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

**ချစ်သက်လယ် (အိမ်မဲ ပြန်/ဆက်)**

# ရှေ့တန်းစစ်မျက်နှာများတွင် ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

**နေပြည်တော် နိုဝင်ဘာ ၄**

ရှေ့တန်း စစ်မျက်နှာများတွင် ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီ ရယူနိုင်ခဲ့သော အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်၌ ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက အောင်သပြေခက်ကမ်း၍ ပန်းကုံးစွပ်ပြီး အိုးစည်ဒိုးပတ်၊ အတီးအမှုတ် အကအခုန်များဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။

**ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်**

ထို့နောက် အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုတွေ့ဆုံပွဲကို ဘားအံမြို့ နယ်မြေခံတပ်ခန်းမ၌ ပြုလုပ်ရာ ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးတို့က အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

၎င်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေနှင့် ကရင်ပြည်နယ် ဝန်ကြီးချုပ်တို့သည် အောင်ပွဲရ ရှေ့တန်းပြန်တပ်မတော်သားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြသည်။



အလားတူ နိုဝင်ဘာ ၃ ရက် ညနေပိုင်းတွင်လည်း ရှေ့တန်း စစ်မျက်နှာများတွင် ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီ ရယူနိုင်ခဲ့သော အောင်ပွဲရရှေ့တန်း ပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ် အင်းတိုင်ကျေးရွာ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အနုပညာရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ရှေ့တန်းပြန် တပ်မတော်သားများအား အောင်သပြေခက်ကမ်း၍ ပန်းကုံးစွပ်ပြီး အိုးစည်ဒိုးပတ်၊ အတီးအမှုတ် အကအခုန်များဖြင့် သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုခဲ့ကြသည်။



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အောင်ပွဲရရှေ့တန်း ပြန် တပ်မတော်သားများအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အဖွဲ့ဝင် အမျိုးသားသုံးဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

**နေပြည်တော် နိုဝင်ဘာ ၄**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အဖွဲ့ဝင် အမျိုးသားသုံးဦးတို့သည် နိုဝင်ဘာ ၃ ရက်တွင် ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့ကြသည်။




အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အချင်းချင်းဗိုလ်ကျ နှိပ်စက်၍ ဖိနှိပ်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရပြီး အသေခံရမည့် နေရာများတွင်သာ လုပ်ဆောင်စေခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ လမ်းတံတားများ၊ နေအိမ်အဆောက်အအုံများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ငြိမ်းချမ်းစွာနေထိုင်လိုခြင်းတို့ကြောင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် PDF အဖွဲ့ဝင်သုံးဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို နိုဝင်ဘာ ၃ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

**ပြောကြား**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဆွေးနွေး ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် M-16 သေနတ်နှစ်လက်၊ M-4 သေနတ်တစ်လက်၊ လက်လုပ်မိုင်းနှစ်လုံးနှင့် ခဲယမ်းများကို လွှဲပြောင်းအပ်နှံရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်ခဲ့ကြသည့် PDF အဖွဲ့ဝင်သုံးဦးအား ဝန်ခံကတိ လက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပေးသည်။ ၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထိုသို့ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျ ပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**


# ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း

နေပြည်တော် နိုဝင်ဘာ ၄

၁။ ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်းအား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိကာလအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက်လေ့ကျင့်ခန်းများနှင့် လက်နက်လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ် ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/ စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များအမြင့်ပေ ၁၅၀၀၀(တစ်သောင်းငါးထောင်)အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။ **မိုး/ဇလ**

ရေကြောင်းသတိပေးချက်ထုတ်ပြန်မည့်ဧရိယာ




## ဒုတိယဝန်ကြီး ဦးရဲတင့် ၂၀၂၅ ခုနှစ် အာဆီယံ မိတ်ဖက်မီဒီယာပူးပေါင်းဆောင်ရွက်မှု သီတင်းပတ် ဖွင့်ပွဲအခမ်းအနားတက်ရောက်

နန်နင်း နိုဝင်ဘာ ၄

China Media Group (CMG) နှင့် ကွမ်ရှီးကျွမ့်လူမျိုး ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ အစိုးရတို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် အာဆီယံမိတ်ဖက်မီဒီယာပူးပေါင်းဆောင်ရွက်မှု သီတင်းပတ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၃ ရက် ညနေပိုင်းတွင် ကွမ်ရှီး ရှမ်းဟိုင် ရှင်းချန်ယဉ်ကျေးမှု မီဒီယာကုမ္ပဏီလီမိတက်၊ China-ASEAN Artificial Intelligence Collaborative Innovation Center နှင့် မိုင်းယွဲ နည်းပညာကုမ္ပဏီလီမိတက်သို့ သွားရောက်လေ့လာခဲ့ကြသည်။



ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တရုတ်-မြန်မာ ချစ်ကြည်ရင်းနှီးမှုကို ဆက်လက်မြှင့်တင်ပြီး မီဒီယာကဏ္ဍ တိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ကွမ်ရှီးရုပ်မြင်သံကြားဌာနသို့ သွားရောက်ကာ ရုပ်သံထုတ်လွှင့်ခြင်း လုပ်ငန်းများကို ကြည့်ရှုလေ့လာသည်။ ထိုမှတစ်ဆင့် ချင်းရှုတောင်တန်းသို့ သွားရောက် ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျိုင်းတုံမြို့၌ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

ကျိုင်းတုံ နိုဝင်ဘာ ၄

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ အခွန်ထမ်းပြည်သူများနှင့် လုပ်ငန်းရှင်များအား အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂ ရက်က မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာန၌ ကျင်းပသည်။

**ရှင်းလင်းဖြေကြား**

ဦးစွာ မြို့နယ်ပြည်တွင်းအခွန်ဦးစီးဌာနမှူး ဒေါ်ကေသွယ်ကျော်က စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် အခွန်စည်းကြပ်မှုဆိုင်ရာ ကိစ္စရပ်များအကြောင်းနှင့် အခွန်အကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**



## မင်းလှမြို့နယ်၌ ဧည့်ရိပ်သာများ မီးဘေးလုံခြုံရေးစစ်ဆေး




မကွေး နိုဝင်ဘာ ၄

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနက မြို့ပေါ်ရပ်ကွက်များအတွင်း ဧည့်ရိပ်သာများ မီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်စိုးလင်းနှင့် တပ်ဖွဲ့ဝင်များက မြို့မရပ်ကွက်ရှိ ချမ်းရိပ်ငြိမ်တည်းခိုခန်း၌ မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများ ထားရှိခြင်း ရှိ/မရှိ၊ လျှပ်စစ်ဝိုင်ယာကြိုးများ စနစ်တကျ သွယ်တန်းသုံးစွဲခြင်း ရှိ/မရှိ၊ အရေးပေါ် မီးငြိမ်းသတ်ရေးအတွက် ထားရှိသော မီးသတ်ဆေးဘူးများ ကောင်းမွန်ခြင်း ရှိ/မရှိ၊ အရေးပေါ် ထွက်ပေါက်များထားရှိခြင်းစသည်တို့ကို စစ်ဆေးဆောင်ရွက်ခဲ့သည်။ **ကောင်းစစ်နိုင်**

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

❖ **ဘာစီလိုနာအသင်းမှ**

ဘာစီလိုနာအသင်းဟာ နိုဝင်ဘာ ၃ ရက်က အဲလ်ချီအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းအနေနဲ့ အဲလ်ချီအသင်းကို အနိုင်ရရှိခဲ့တာကြောင့် လာလီဂါပွဲစဉ်(၁၁)အပြီးမှာ ရမှတ် ၂၅ မှတ်ရရှိခဲ့ပြီး အမှတ်ပေးဇယားဒုတိယနေရာတက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

အမှတ်ပေးဇယားထိပ်ဆုံးက ရီးယဲလ်မက်ဒရစ်အသင်းကတော့ စပိန်လာလီဂါပွဲစဉ်(၁၁)အပြီးမှာ ရမှတ် ၃၀ ရရှိထားကာ ဇယားထိပ်မှာ ဦးဆောင်နေတာဖြစ်ပါတယ်။ လာလီဂါအမှတ်ပေးဇယားရဲ့ တတိယနေရာနဲ့ စတုတ္ထနေရာတို့မှာတော့ ဗီလာရီးယဲလ်အသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့က အသီးသီးရပ်တည်နေတာဖြစ်ပါတယ်။

အဲလ်ချီအသင်းကတော့ ဘာစီလိုနာအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် လက်ရှိအချိန်မှာ စပိန်လာလီဂါ အမှတ်ပေးဇယား အဆင့်(၉)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**ငွေကြယ်**

○ **မြန်မာအသင်းမှ**

မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် ဦးကျော်ဇေယျာက ကိုင်တွယ်နေပြီး ကစားသမားများ အတွေ့အကြုံရစေရန် ပြည်တွင်းလူငယ်လိဂ်ဖြစ်သော MNL ယူ-၂၁ လိဂ်ပြိုင်ပွဲတွင် Falcon အသင်းအမည်ဖြင့် ယှဉ်ပြိုင်ခဲ့သည်။ ထို့ပြင် နောက်ဆုံးပြင်ဆင်မှုအဖြစ် အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပသော ထိုင်းဖိတ်ခေါ် ယူ-၁၇ ပြိုင်ပွဲယှဉ်ပြိုင်ရာ တတိယဆုရရှိခဲ့သည်။ **ကိုညီလေး**

# ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေးဆွေးနွေးပွဲ ကျင်းပ

**အစ္စတန်ဘူလ် နိုဝင်ဘာ ၄**

ဂါဇာဒေသအပစ်အခတ်ရပ်စဲရေးနှင့် ဂါဇာဒေသ အနာဂတ်တို့အတွက် ကမ္ဘာ့နိုင်ငံ ခုနစ်နိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများသည် တူကီယဲနိုင်ငံမြို့တော် အစ္စတန်ဘူလ်တွင် နိုဝင်ဘာ ၃ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဒေသတွင်း၌ အစ္စရေးက တိုက်ခိုက်မှုများ ဆောင်ရွက်နေသည်။

အပစ်အခတ်ရပ်စဲရေးရရှိပြီးနောက် အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ဒေသခံများသေဆုံးနေပြီး ၎င်းဆောင်ရွက်ချက်များသည် ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို အဟန့်အတားဖြစ်စေမည်ဖြစ်ကြောင်း တူကီယဲသမ္မတ အာဒိုဂန်က နိုဝင်ဘာ ၃ ရက်တွင် ပြောသည်။

တူကီယဲတွင်ကျင်းပသည့် ဆွေးနွေးပွဲတွင် တူကီယဲနိုင်ငံခြားရေးဝန်ကြီး ဟာကန်ဖီဒန်သည် အာရပ်စော်ဘွားများပြည်ထောင်စု၊ အင်ဒိုနီးရှား၊ ကာတာ၊ ပါကစ္စတန်၊ ဆော်ဒီအာရေးဗျနှင့် ဂျော်ဒန်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ဂါဇာဒေသတွင် အပစ်အခတ်ရပ်စဲရေးကို ထိန်းသိမ်းရေးအပါအဝင် အကြမ်းဖက်မှုများ မဖြစ်ရေးအတွက် ဆောင်ရွက်ရန် တက်ရောက်လာသူများက သဘောတူခဲ့သည်။ ထို့ပြင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိရေးအတွက် နှစ်နိုင်ငံဖြေရှင်းချက်ကို အခြေခံရမည်ဟူသည့်အချက်ကို သဘောတူခဲ့သည်။

အစ္စရေးသည် အပစ်အခတ်ရပ်စဲရေးကို အကြိမ်ကြိမ်ချိုးဖောက်ပြီး လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ပိတ်ဆို့ထားကြောင်းနှင့် ၎င်းဆောင်ရွက်ချက်သည် ဒေသတွင်း စီမံခန့်ခွဲရေးကိစ္စရပ်များကို ခက်ခဲစေသည်ဟု တူကီယဲနိုင်ငံခြားရေးဝန်ကြီးကပြောသည်။ လက်နက်ကိုင် ပဋိပက္ခအပြီး ဂါဇာဒေသအား စီမံခန့်ခွဲရေးကိစ္စသည် ဂရုပြုဆောင်ရွက်ရမည့်ကိစ္စဖြစ်ကာ ၎င်းဒေသကို ပါလက်စတိုင်းဒေသခံများကသာ စီမံခန့်ခွဲဆောင်ရွက်ခွင့်ရှိသည်ဟု ယုံကြည်ကြောင်း ဟာကန်ဖီဒန်က ပြောသည်။ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိခဲ့သော်လည်း လက်ရှိအချိန်တွင် အစ္စရေး၏တိုက်ခိုက်မှုကြောင့် ဒေသခံ ၂၀၀ ထပ်မံသေဆုံးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။




**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်းကယ်မယ်ဂီ ဝင်ရောက်တိုက်ခတ်

**မနီလာ နိုဝင်ဘာ ၄**

ဖိလစ်ပိုင်နိုင်ငံသို့ တိုင်ဖွန်းမုန်တိုင်း ကယ်မယ်ဂီ နိုဝင်ဘာ ၄ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ရာတွင် အိမ်များရေလွှမ်းမိုးပြီး ကားများရေထဲမျောပါသွားကာ ဒေသခံထောင်ပေါင်းများစွာ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရပြီး အနည်းဆုံး ၂၆ ဦး သေဆုံးခဲ့ကြောင်း အရပ်ဘက်ကာကွယ်ရေးရုံးက ပြောကြားသည်။

၎င်းမုန်တိုင်း တိုက်ခတ်ခြင်းကြောင့် နိုင်ငံအလယ်ပိုင်း ဗီဆရဒေသတွင် ၂၂ ဦး၊ နီဂရို့စ်ကျွန်းဒေသတွင် နှစ်ဦး၊ အနောက် ဗီဆရဒေသတွင် တစ်ဦးနှင့် အရှေ့ဗီဆရဒေသတွင် တစ်ဦးသေဆုံးကြောင်း ၎င်းရုံးပြောရေးဆိုခွင့်ရှိသူ ဂျူနီကတ်စတီလိုက ပြောသည်။

သေဆုံးသူများသည် ရေကြီးရေလျှံမှုတွင် မျောပါသွားခြင်း၊ လဲကျနေသော သစ်ပင်များကြောင့် ညှပ်မိခြင်းနှင့် ဓာတ်လိုက်ခြင်းတို့ကြောင့် သေဆုံးခြင်း ဖြစ်သည်ဟု ၎င်းကပြောကြားခဲ့သည်။

၎င်းတိုင်ဖွန်းမုန်တိုင်းသည် ဖိလစ်ပိုင် အလယ်ပိုင်းနှင့် တောင်ပိုင်းရှိ လူပေါင်း ၆၀၀၀၀ ကို သက်ရောက်မှုရှိကြောင်း အမျိုးသားဘေးအန္တရာယ် လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ပြောကြားခဲ့ သည်။



ဖိလစ်ပိုင်တပ်မတော်၏ ရဟတ်ယာဉ်တစ်စင်းသည် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေစဉ် ဖိလစ်ပိုင်တောင်ပိုင်း မင်ဒါနာအိုကျွန်းရှိ အော်ဆန်ဒါဆာပြည်နယ်တွင် ပျက်ကျခဲ့ကြောင်း ဖိလစ်ပိုင်လေတပ်က ပြောကြားသည်။

ဆီဗူးပြည်နယ်ရှိ လမ်းများတွင် တိုင်ဖွန်းမုန်တိုင်းကြောင့် ကားများ ပျက်စီးနေခြင်းနှင့် အိမ်ခေါင်မိုးများပေါ်တွင် ကယ်ဆယ်သူများအား စောင့်နေသည့် ဒေသခံများကို လူမှုမီဒီယာတွင် ထုတ်လွှင့်ပြသခဲ့သည်။

၎င်းတိုင်ဖွန်း မုန်တိုင်းကြောင့် လေကြောင်းခရီးစဉ် ၁၀၀ ကို ဖျက်သိမ်းခဲ့ရကြောင်း ဖိလစ်ပိုင်မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့က ပြောသည်။

ဖိလစ်ပိုင်နိုင်ငံတွင် တစ်နှစ်လျှင် တိုင်ဖွန်းမုန်တိုင်း ၂၀ မျှ တိုက်ခတ်လေ့ရှိပြီး တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်ခြင်းကြောင့် လေပြင်းများတိုက်ခတ်ခြင်းနှင့် မြေပြိုခြင်းများဖြစ်ကာ ဒေသခံများ အသက်သေဆုံးနေကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ပါကစ္စတန်နိုင်ငံ ဖွံ့ဖြိုးရေးအတွက် ရေကြောင်းကုန်သွယ်မှုလုပ်ငန်း မြှင့်တင်ဆောင်ရွက်

**အစ္စလာမာဘတ် နိုဝင်ဘာ ၄**

ပါကစ္စတန်နိုင်ငံ၏ ဖွံ့ဖြိုးရေးအတွက် ရေကြောင်းကုန်သွယ်မှုလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်နေကြောင်း ပါကစ္စတန်ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး မိုဟာမက်အာရန်ဇက်က နိုဝင်ဘာ ၄ ရက်တွင် ပြောကြားသည်။

၂၀၄၇ ခုနှစ်တွင် ရေကြောင်းကုန်သွယ်မှုလုပ်ငန်းဝင်ငွေ ကန်ဒေါ်လာ ၁၀၀ ဘီလီယံအထိ ရောက်ရှိရန် အလားအလာရှိသည့် ပါကစ္စတန်နိုင်ငံသည် ၎င်းကုန်သွယ်မှုလုပ်ငန်းတွင် မူဝါဒဆိုင်ရာပံ့ပိုးမှု၊ ရင်းနှီးမြှုပ်နှံမှုများမြှင့်တင်ခြင်းတို့ကို ဆောင်ရွက်နေသည်။

လက်ရှိတွင် ရေကြောင်းကုန်သွယ်ရေးကဏ္ဍသည် အမျိုးသားပြည်တွင်းအသားတင်ထုတ်ကုန်၏ သုည ဒသမ ၅ ရာခိုင်နှုန်းခန့် ပံ့ပိုးပေးနေကြောင်း ၎င်းက ပြောကြားခဲ့သည်။

ဆိပ်ကမ်းလုပ်ငန်းများ ခေတ်မီစေရေးနှင့် ဒစ်ဂျစ်တယ်စနစ်သို့ ပြောင်းလဲခြင်းတို့ကို ဆောင်ရွက်နေပြီး ဒေသတွင်းကုန်သွယ်ရေးချိတ်ဆက်မှုကို အားကောင်းစေရန်အတွက် ကွာဇန်ဆိပ်ကမ်းနှင့် ဂွါဒါဆိပ်ကမ်းတို့အား အဆင့်မြှင့်တင်နေသည်။

ထို့ပြင် ကမ်းလွန်လေစွမ်းအင်ထုတ်လုပ်ခြင်းအပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စီမံကိန်းများ၏ အလားအလာကို အသုံးချသွားမည်ဟု ၎င်းကပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ဂျပန်နိုင်ငံ အေကီတာစီရင်စုရှိ ဝက်ဝံများအား ဖမ်းဆီးရေး ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များ ဆောင်ရွက်မည်

**တိုကျို နိုဝင်ဘာ ၄**

ဂျပန်နိုင်ငံ အေကီတာစီရင်စုတွင် နေထိုင်သည့် ဝက်ဝံများအား ဖမ်းဆီးရန်အတွက် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များအား ကာကွယ်ရေးဝန်ကြီးဌာနက စေလွှတ်ခဲ့ကြောင်း သိရသည်။

ဝက်ဝံများအား ဖမ်းဆီးခြင်းကို နိုဝင်ဘာ ၅ ရက်တွင် စတင်မည်ဖြစ်သည်။

၎င်းစီရင်စုတွင် မကြာမီအချိန်က လူသားများအား ဝက်ဝံများက တိုက်ခိုက်ခဲ့ရာတွင် ဒဏ်ရာရရှိမှုများနှင့် သေဆုံးခြင်းများဖြစ်ခဲ့သောကြောင့် ကာကွယ်ရေးဝန်ကြီးဌာနအား စီရင်စုတာဝန်ရှိသူများက ဝက်ဝံများအားဖမ်းဆီးရန် အကူအညီတောင်းခဲ့သည်။ ဒေသအတွင်းရှိ ကာဇူနိုမြို့၊ အိုဒါတီမြို့နှင့် ကီတာကီတာမြို့တို့သို့ ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ဝင်များကို စေလွှတ်ရန် ကာကွယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်ခဲ့သည်။




ဝက်ဝံ ဖမ်းဆီးရေးအတွက် ထောင်ချောက်များပြုလုပ်ခြင်း၊ သေဆုံးသည့်ဝက်ဝံများအားမြှုပ်ရန် ကျင်းများပြုလုပ်ခြင်းနှင့် မုဆိုးများအား စေလွှတ်ခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။ ဝက်ဝံများတွေ့ရှိပါက မည်ကဲ့သို့ တုံ့ပြန်ဆောင်ရွက်ရမည်ကို လေ့ကျင့်နေသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - စိုးသူရ**



# ဂျာမနီနိုင်ငံမြို့တော် ဘာလင်တွင် ရာသီဥတုမျှတရေး မဟာဗျူဟာအရ သစ်ပင်တစ်သန်းစိုက်ပျိုးမည်

**ဘာလင် နိုဝင်ဘာ ၄**

ဂျာမနီနိုင်ငံမြို့တော် ဘာလင်တွင် ရာသီဥတုမျှတရေးမဟာဗျူဟာအရ သစ်ပင်တစ်သန်းကို လာမည့် ၁၅ နှစ်အတွင်း စိုက်ပျိုးရေးအစီအစဉ်ကို ဂျာမနီအစိုးရက နိုဝင်ဘာ ၃ ရက်တွင် အတည်ပြုခဲ့ကြောင်း သိရသည်။

ဘာလင်၌ လက်ရှိအချိန်တွင် သစ်ပင် ၄၄၀၀၀၀ ရှိပြီး ၎င်းအစီအစဉ်အရ ၂၀၄၀ ပြည့်နှစ်အရောက်တွင် မူလပမာဏ၏နှစ်ဆရှိလာမည်ဖြစ်ကာ ဘာလင်မြို့ စိမ်းလန်းရေး၊ အပူချိန်လျှော့ချရေးနှင့် ရာသီဥတုပြောင်းလဲမှုကာကွယ်ရေးတို့အတွက် ဆောင်ရွက်မည်ဖြစ်သည်။ သစ်ပင်စိုက်ပျိုးသည့်အစီအမံအပြင် မြို့တွင်းစိမ်းလန်းသည့်နေရာများ မြှင့်တင်ရေးနှင့် မိုးရေစီမံခန့်ခွဲရေးစနစ်တို့ကို ဆောင်ရွက်မည်ဖြစ်သည်။ ယခုအစီအမံသည် ဘာလင်မြို့တွင်း သစ်ပင်များလျော့နည်းလာသည့်အခြေအနေကို ထိန်းသိမ်းရေးဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ သို့ရာတွင် ၎င်းအစီအစဉ်ဆောင်ရွက်ခြင်းကို နိုင်ငံ၏ အခြေခံအဆောက်အအုံကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရမည့်အစား ငွေကြေးများအား မြေထဲတွင်မြှုပ်နှံနေသည်ဟု အတိုက်အခံများက ဝေဖန်ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

## တန်ဆောင်မုန်းလပြည့်နေ့၌ မင်းဘူးမြို့ စက္ကိန်းတဲစေတီတော်မြတ်ကြီးတွင် မီးပုံးပျံလွှတ်တင်ခြင်းနှင့် ဆီမီးထွန်းညှိပူဇော်ပွဲများ ကျင်းပ



**မင်းဘူး နိုဝင်ဘာ ၄**

မကွေးတိုင်း ဒေသကြီး မင်းဘူးမြို့ရှိ စက္ကိန်းတဲ စေတီတော်မြတ်ကြီးတွင် တန်ဆောင်မုန်း လပြည့် (သာမညဖလ) အခါတော်နေ့ ညက မီးပုံးပျံများလွှတ်တင် ကာ ဆီမီးများ ထွန်းညှိပူဇော် ကြပြီး စည်ကားသိုက်မြိုက် စွာ ကျင်းပသည်။

**ထွန်းညှိပူဇော်**

ဆီမီးပူဇော်ရာတွင် မင်းဘူး မြို့နယ်/ခရိုင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ ဦးဆောင်၍ ဘုရားဂေါပက အဖွဲ့ဝင်များ၊ ဒေသခံပြည်သူ များနှင့် ဘုရားဖူးလာရောက် သူများက မီးပုံးပျံများ လွှတ်တင်ကာ ဆီမီးများ ထွန်းညှိပူဇော်ကြပြီး ဘုရား ဖူး လာရောက်ကြသူများကို မြို့နယ်/ခရိုင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ စုပေါင်း၍ ကြာဆံချက်များ ဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။

ထိုသို့ တန်ဆောင်တိုင် ရုံးပိတ်ရက် ကာလနှင့် တန်ဆောင်မုန်းလပြည့်နေ့ တွင် မင်းဘူး(စကု)မြို့နယ် အတွင်းရှိ အထင်ကရနေရာ များဖြစ်သော မန်းရွှေစက် တော်ဘုရား၊ ရှင်ပင်စက္ကိန်းတဲ စေတီတော်၊ နဂါးပွက်တောင် တော်၊ ရှင်မင်းပူးစေတီတော်၊ ရှင်ပင်ချမ်းသာကြီး စေတီ တော်နှင့် ဘုရားကျောင်းကန် စေတီပုထိုးစသည့် အထင် ကရနေရာများ၌ ဥပုသ်သီလ ဆောက်တည် ကြသူများ၊ ပရိတ်/ ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ် ပူဇော်ကြသူများ၊ အလှူအတန်းနှင့် ကောင်းမှု ကုသိုလ်ပြုလုပ်သူများ၊ ဆီမီး၊ ပန်း၊ ရေချမ်း ကပ်လှူပူဇော် ကြသူများအပြင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူး လာရောက် လည်ပတ်ကြသူ များဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**ဖေယျာနိုင်(ရွှေကန်မြေ)**

## ဘုတ်ပြင်းမြို့၌ တန်ဆောင်မုန်းလပြည့်နေ့ ဆီမီးမျှောပွဲကျင်းပ



**ဘုတ်ပြင်း နိုဝင်ဘာ ၄**

တနင်္သာရီ တိုင်းဒေသကြီး ဘုတ်ပြင်းမြို့၌ တန်ဆောင် မုန်းလပြည့်နေ့တွင် ဘုတ်ပြင်း ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီက ဦးဆောင်၍ ဘုတ်ပြင်း- အုန်းတော်ကမ်း တံတား အနီးရှိ ဘုတ်ပြင်းချောင်း အတွင်း၌ တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် ဆီမီး မျှောပွဲကို စည်ကားသိုက်မြိုက် စွာ ကျင်းပသည်။

**လွှတ်တင်ပူဇော်**

ဦးစွာ ဘုတ်ပြင်းခရိုင် စီမံ ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမင်းကို နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံ ခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးညီညီနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ က စုပေါင်း၍ မီးပုံးပျံများ ကို လွှတ်တင်ပူဇော်ကြကာ ဘုတ်ပြင်း ချောင်းအနီးရှိ သတ်မှတ်ထားသည့် နေရာ တွင် ဆီမီးများကို စုပေါင်း ထွန်းညှိမျှောကြသည်။ ဆီမီး မျှောပွဲသို့ လာရောက်ကြ သည့် ရပ်ဝေးရပ်နီးမှ ပြည်သူ များအား ဆီမီးထွန်းညှိပူဇော် မျှောနိုင်ရန် စီစဉ်ဆောင်ရွက် ပေးလျက်ရှိသည်။

အဆိုပါ ဘုတ်ပြင်း- အုန်းတောကမ်းတံတားအနီး တစ်လျှောက်တွင် ပြည်သူ များ အေးချမ်းပျော်ရွှင်စွာ သွားလာအပန်းဖြေလည်ပတ် နိုင်ရန် နိုဝင်ဘာ ၁ ရက်မှ စတင်၍ ပျော်ပွဲရွှင်ပွဲများနှင့် ဒေသ စားသောက်ဖွယ်ရာ ဖြင့် ညဈေးရောင်းပွဲတော်ကို စီစဉ် ဆောင်ရွက်ပေးလျက် ရှိပြီး ရပ်ဝေးရပ်နီးခရီးသွား သူများ၊ ဒေသခံပြည်သူ များဖြင့် စည်ကားလျက်ရှိ ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မွန်လူငယ်မောင်မယ်များ ဆီမီးထွန်းညှိပူဇော်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၄**

မွန်အမျိုးသားများသည် တန်ဆောင် မုန်းလပြည့်နေ့တွင် ဘုရားစေတီများ၌ ဆီမီးထွန်းညှိပူဇော်သည့်ဓလေ့ကို ယနေ့တိုင် ထိန်းသိမ်းလျက်ရှိရာ နိုဝင်ဘာ ၄ ရက် တန်ဆောင်မုန်းလပြည့်နေ့ ညနေပိုင်းက မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ(ရန်ကုန်) က ကြီးမှူး၍ ရွှေတိဂုံစေတီတော်ရာဟု ထောင့်၌ မွန်လူငယ်မောင်မယ်များက စေတီ တော်မြတ်ကြီးအား ဆီမီးထွန်းညှိပူဇော်ကြ သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသ ကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ မွန်ရပ်မိ ရပ်ဖများ၊ မွန်လူငယ်မောင်မယ် ၂၀၀ ခန့် သည် ရွှေတိဂုံစေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြ ပြီး ရာဟုထောင့်၌ ရှိခိုးကန်တော့၍ ဆီမီး ထွန်းညှိပူဇော်ကြသည်။ **မျိုးမင်းသူရ**




### တိုက်ခန်းအရောင်းအဝယ် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၇)၊ ၂ ရပ်ကွက်၊ ၆ လမ်း၊ ၇ ထပ်တိုက်၏ (၅)လွှာ၊ မြောက်ဘက်ခြမ်း၊ အလျား ၁၂ ပေခွဲ၊ အနံ ၅၀ ပေ၊ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား လက်ရောက်ကိုင်ဆောင်ခွင့် (BCC) မိတ္တူကိုင်ဆောင်ခွင့်တို့နှင့် အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပြီး လက်ဝယ်ထားရှိသူ ဦးကျော်ကျော်ခိုင် [၁၂/လမန(နိုင်)၀၁၉၄၂၉]မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကြော်ငြာ ပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော် လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆောင်ရွက်မည်ဖြစ်ပြီး တိုက်ခန်းအား ဥပဒေနှင့်အညီ လက်ရောက်ရယူမည်ဖြစ် ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန္ဒာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အိသဇင်မြင့်**
**(LL.B, D.B.L, D.Eng)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်- ၁၄၇၂၇)**

**ဒေါ်အင်ကြင်းဆွေ**
**LL.B, D.B.L, WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်- ၁၈၆၀၅)**

**(၇)လမ်းနှင့် ကိုင်းတန်းလမ်းကြား၊ အနော်ရထာလမ်းမကြီး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-09-449441593**



### အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (င/က)ရပ်ကွက်၊ လုပ်သားလမ်း၊ ခြံအမှတ် (၁၂)နေထိုင်သော ဦးဝင်းဦး (ဘ) ဦးထွန်းလွင် [၁၂/သဃက(နိုင်)၁၅၀၁၄၅]ကိုင်ဆောင်သူမှ အများသိစေရန် အောက်ပါ အတိုင်း ကြေညာပါသည် -

ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်) အင်းစိန်စီရင်စု၊ ကွင်းအမှတ် (၄၅)၊ ဦးပိုင်အမှတ် (၇)၊ ဧရိယာဧက (၁.၅၇၃)ဧက ဘိုးဘွားပိုင်မြေ (ယခု) ခြံအမှတ် (၁၂)၊ လုပ်သားလမ်း၊ (င/က)ရပ်ကွက်ဟု ခေါ်တွင်သော (ပေ ၂၀၀x ပေ ၃၀၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (ပေ ၃၀x ပေ ၄၀) အကျယ်အဝန်းရှိ အုတ်ခံ၊ ပျဉ်ထောင်၊ သွပ်မိုး အဆောက် အဦတို့မှာ ကျွန်တော် ဦးဝင်းဦး၏ အမွေဆိုင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း ဖြစ်ပြီး၊ အမွေဆိုင်တစ်ဦးဖြစ်သူ ကျွန်တော်၏ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ဖော်ပြပါ အိမ်နှင့်မြေအား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်းနှင့် ပေးကမ်း၊ စွန့်လွှတ်လှူဒါန်း ခြင်းအပါအဝင် အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်မရှိပါကြောင်း အများ သိစေရန် ကြေညာပါသည်။ လိုက်နာခြင်းမရှိ ပျက်ကွက်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်မည် ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဦးဝင်းဦး (ဘ) ဦးထွန်းလွင်**
**[၁၂/သဃက (နိုင်) ၁၅၀၁၄၅]**
**ခြံအမှတ် (၁၂)၊ လုပ်သားလမ်း၊ (င/က)ရပ်ကွက်၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**09-975557210**



### စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ တိုက်အမှတ်(၆၅)၊ ၆ လွှာ(ခြေရင်းခန်း)တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါတိုက်ခန်းအား ဒေါ်မြင့်မြင့်သိန်း [၁၂/အစန(နိုင်) ၀၆၉၈၇၁] သည် အရောင်းအဝယ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရောက် ရရှိပြီး မိမိသာလျှင် ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပါသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက် အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဖုန်းဖြင့်လည်းကောင်း၊ လူကိုယ်တိုင် လာရောက်၍ လည်းကောင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခင်မောင်ချို (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၄၄၄)**
**အမှတ်(၆၆)၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၄၃၀၇၁၉၈၅၊ ၀၉-၄၄၃၁၇၀၀၇၆**


**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**




## Myanaung Premier League Season 2025

## အမျိုးသားအလွတ်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**မြန်အောင် နိုဝင်ဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင် မြို့နယ် Myanaung Premier League Season 2025 အမျိုးသားအလွတ်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို နိုဝင်ဘာ ၂ ရက် ညနေပိုင်းက မြန်အောင်မြို့ ပြည်သူ့ အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ Myanaung Premier League Season 2025 အမျိုးသားအလွတ်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ နောက်ဆုံး ပွဲစဉ်ကိုကျင်းပရာ Happy Fc အသင်းက Young Boy Fc အသင်းကို လေးဂိုး- တစ်ဂိုးဖြင့် အနိုင်ရပြီး Champions ဆုဖလားရရှိခဲ့သည်။

ဆက်လက်၍ Myanaung Premier League Season 2025 အမျိုးသား အလွတ်တန်း အမှတ်ပေးဘောလုံး ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ကျင်းပ ရာ မြန်အောင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးလှိုင် က ပထမဆုရရှိသော Happy Fc အသင်း အား Champions ဆုဖလားပေးအပ် ချီးမြှင့်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်း ထွန်း၊ အဖွဲ့ဝင် ဗိုလ်မှူးမင်းမင်းစိုးနှင့် တာဝန်ရှိသူများက ပထမဆုရရှိသော Happy Fc အသင်းအား ငွေသားဆုနှင့် တစ်ဦးချင်းဆုများ၊ ဒုတိယဆု၊ တတိယ ဆုနှင့် တစ်ဦးချင်းဆုများ၊ ပွဲစဉ် တစ်လျှောက် ဂိုးသွင်းအများဆုံးဆု များကို ပေးအပ်ခဲ့ကြကြောင်း သိရ သည်။ **ဝင်းဗိုလ်(မြန်အောင်)**

❖ ပြန်လည်တည်ဆောက်ခြင်းဟူသည်မှာ ပြန်လည်နာလန်ထူအောင် လုပ်ဆောင်ခြင်းသာမကဘဲ အနာဂတ်တွင် လုံခြုံ အာမခံမှုရှိသည့် နိုင်ငံတစ်နိုင်ငံကို ဖန်တီးတည်ဆောက်ခြင်းလည်းဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ်၊ မေ ၃၀ ရက်နေ့တွင် ပြုလုပ်သော ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းသုံးသပ်ဆွေးနွေးပွဲ(Rebuilding Myanmar : Post Earthquake Economic Recovery)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၄

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တို့တွင် ဖော်ပြပါရှိပါသည်။

ကြေးမုံ


ယနေ့ ဖတ်စရာ

တောင်ကြီးတန်ဆောင်တိုင်ပွဲတော် မီးပုံးပျံပြိုင်ပွဲများ ရက်တိုးမြင့်ဆက်လက်ယှဉ်ပြိုင်မည် စာမျက်နှာ » ၁၈

အမျိုးသားရေးအသိဖြင့် စာပေတာဝန်ကျေပွန်ကြစို့ ဆောင်းပါး စာမျက်နှာ » ၂၀

ရှေ့တန်းစစ်မျက်နှာများတွင် ရှုပ်ရှုပ်ချချတိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီ ရယူနိုင်ခဲ့သော အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို စာမျက်နှာ » ၂၃

ရေကြောင်းလုံခြုံရေး ပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း စာမျက်နှာ » ၂၅

ဂါဇာဒေသ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲကျင်းပ စာမျက်နှာ » ၂၇


# တန်ဆောင်မုန်းလပြည့်နေ့တွင် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား



ကျိုက်ထို နိုဝင်ဘာ ၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်၌ တန်ဆောင်မုန်းလပြည့် (သာမညဖလ) အခါတော်နေ့တွင် ဘုရားဖူးပြည်သူများ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ဘုရားဖူးလာပြည်သူများက စိတ်အေးချမ်းသာစွာဖြင့် ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ရွှေသင်္ကန်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ကပ်လှူပူဇော်ကြပြီး တရားဘာဝနာများ ရွတ်ဖတ်ပူဇော်လျက်ရှိကြသည်။

ဘုရားဖူးပြည်သူများ အန္တရာယ်ကင်းရှင်းပြီး စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရန်အတွက် ဆံတော်ရှင်ကျိုက်ထီးရိုး ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)

## မြန်မာအသင်းယှဉ်ပြိုင်မည့် အာရှဖလား ယူ-၁၇ ခြေစစ်ပွဲ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၄

မြန်မာ ယူ-၁၇ လူငယ်လက်ရွေးစင်အသင်း ယှဉ်ပြိုင်မည့် ၂၀၂၆ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

အာရှဖလား ယူ-၁၇ ခြေစစ်ပွဲကို အုပ်စုခုနစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းပါဝင်သော အုပ်စု(G) ပွဲစဉ်များကို နိုဝင်ဘာ ၂၂ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့် ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ခြေစစ်ပွဲတွင် အိုမန်၊ အာဖဂန်နစ္စတန်၊ ဆီးရီးယား၊ နီပေါအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး တစ်နေ့လျှင် နှစ်ပွဲနှုန်း ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် နိုဝင်ဘာ ၂၂ ရက်တွင် အာဖဂန်နစ္စတန်အသင်း၊ နိုဝင်ဘာ ၂၄ ရက်တွင် နီပေါအသင်း၊ နိုဝင်ဘာ ၂၈ ရက်တွင် အိုမန်အသင်း၊ နိုဝင်ဘာ ၃၀ ရက်တွင် ဆီးရီးယားအသင်းတို့နှင့် ကစားရမည်ဖြစ်သည်။

စာမျက်နှာ ၂၅ ကော်လံ ၄ သို့ ❍

## ဘာစီလိုနာအသင်းက အဲလ်ချီအသင်းကို အနိုင်ရပြီး ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ငါးမှတ်ကွာအနေအထား ရောက်လာ

ဘာစီလိုနာအသင်းဟာ အိမ်ကွင်းနူးကမ့်မှာ အဲလ်ချီအသင်းကို အနိုင်ရပြီးနောက် စပိန်လာလီဂါ အမှတ်ပေးဇယားထိပ်ဆုံးက ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ငါးမှတ်ကွာအနေအထားကို ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။

စာမျက်နှာ ၂၅ ကော်လံ ၄ သို့ ❖



ဘာစီလိုနာအသင်းနှင့် အဲလ်ချီအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။